ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်၊ အင်္ဂါနေ့၊ (12-8-2003) (၃၉၆၀)

ပုဗ္ဗေ စ ကတပုညတာ တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်ညွန့် သီရိလင်္ကာ ကျန်းမာရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၁

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့၌ ရောက်ရှိနေသော သီရိလင်္ကာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. P. Dayaratne နှင့် အဖွဲ့အား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည် သီရိလင်္ကာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. D.M. M Ranarajaလည်း တက်ရောက်သည်။

(သတင်းစဉ်)



ယနေ့ထုတ် စောင်ရေ

၂၁၁၁၁၆

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင်ခရိုင်–ခရိုင်လုံးကျွတ် ရေတော်မိုးတော် မိုးစပါး ထွန်တုံးပိတ်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်စိုး၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်စိုး၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ချို့ထွန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၇ရက် နံနက်ပိုင်းတွင် မြဝတီခရိုင် မြဝတီမြို့နယ် သက်န်းညီနောင်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းစုပေါင်းခန်းမ၌ သက်န်းညီနောင်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တပ်ရင်းတပ်ဖွဲ့ မိသားစုများသည် တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မဖြစ်သည်အထိ တိုးချဲ့စိုက်ပျိုးမွေးမြူကြရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြဝတီမြို့နယ် ဖားချောင်းကျေးရွာ နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေး မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

လက်ခံတွေ့ဆုံ

အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော သီရိလင်္ကာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. P. Dayaratne နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၂-၈-၂၀၀၃
(အင်္ဂါနေ့)

ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေရေး ပင်ကိုအရည်အသွေး စွမ်းအားဖြင့်ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ စုစည်းညီညွတ်သော စွမ်းအားဖြင့် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်တစ်ဝန်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးမှအစ နယ်မြေဒေသအားလုံး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များကို စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ မြို့ပြဒေသများ ခေတ်မီတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်ကိုလည်း နိုင်ငံတကာမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်အညီ ခေတ်မီလှပဖွံ့ဖြိုးစေရေး စီမံဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် မြို့တော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ စိတ်အေးချမ်းမြေ့ သက်သာစွာဖြင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်နိုင်ရေး၊ ရေရှည်တွင် သားသမီး၊ မြေးမြစ်များ လက်ထက်တိုင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဆင်ပြေစေရေး ဦးတည်ဆောင်ရွက်လျက်ရှိသည်။

မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေး (၅/၂၀၀၃)ကို ဩဂုတ်လ ၉ ရက်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အိမ်ရာစီမံကိန်းနှင့်စပ်လျဉ်း၍ **ဖြူစင်မွန်မြတ်သော ရည်မှန်းချက်များထားရှိပြီး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ အိမ်ရာစီမံကိန်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သည့် ပုဂ္ဂလိကဆောက်လုပ်ရေး လုပ်ငန်းရှင်များအားလုံးက မှန်ကန်မြန်ဆန်စွာ ကြိုးပမ်းဆောင်ရွက်ကြပါက လုပ်ငန်းများမလွဲမသွေ အောင်မြင်မည်သာဖြစ်ကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဦးတည်သည့် ရည်ရွယ်ချက်များကို ကြိုးပမ်းအကောင် အထည်ဖော်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံရလဒ်ကောင်းများကို ရရှိနေပြီဖြစ်သည်။

သို့သော် ယနေ့အချိန်အခါတွင် အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုး ခြယ်လှယ်နိုင်ရေးဦးတည်ပြီး စီးပွားရေးပိတ်ဆို့မှုများ လုပ်ဆောင်လျက်ရှိသည်။ အဆိုပါနိုင်ငံကြီးများ၏ လုပ်ရပ်သည် မြန်မာနိုင်ငံ ပြည်သူများ ဆင်းရဲဒုက္ခကြုံတွေ့စေရန်၊ အမျိုးသားစီးပွားရေးဘဝ ထိခိုက်နစ်နာစေရန် အစီအစဉ်တကျ ဖန်တီးလုပ်ဆောင်ချက်များသာဖြစ်ကြောင်း တွေ့မြင်ရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့၏ လွတ်လပ်သော အချုပ်အခြာအာဏာကို စွန့်လွှတ်ပြီး သူတစ်ပါး ဩဇာအာဏာလောင်းရိပ်သို့ ရောက်ရှိသည့်အဖြစ်မျိုး အရောက်မခံနိုင်ပေ။ သို့အတွက် ပြည်ပမှ မည်မျှပင် ဖိအားအဖုံဖုံပေးသည်ဖြစ်စေ မိမိတို့ပြည်သူများ၏ လုံ့လဝီရိယစွမ်းအားဖြင့် ပြည်သူများ၏အကျိုးစီးပွားဖြစ်ထွန်းရေးကို ဆက်လက်ကြိုးပမ်းသွားမည်သာဖြစ်သည်။

ထို့ကြောင့် ဒေသအသီးသီး၊ ကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန်များ စီမံဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးကိုဦးတည်ပြီး မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ကြရန်လိုပေသည်။ နိုင်ငံတော်အစိုးရက မှန်ကန်သော ဦးဆောင်မှုပေးသည်နှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ အပြန်အလှန် နားလည်မှုသဘောထားများ ဖြစ်ထွန်းလာကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်နေသည့်ကာလတွင် မည်သို့သော အနှောင့်အယှက်၊ အဟန့်အတားများ လုပ်ဆောင်လာကြသည်ဖြစ်စေ တိုင်းရင်းသားပြည်သူများ၏ လုံ့လဝီရိယစွမ်းအား၊ ပင်ကိုအရည်အသွေးစွမ်းအား၊ စုစည်းညီညွတ်သည့် စွမ်းအားတို့ဖြင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များ လေ့လာရန် သတ်မှတ်သော သီချင်းများ

(ယမန်နေ့မှအဆက်)

ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး

၁။ ပညာရှင်အဆင့် (အမျိုးသား)

(က) မင်္ဂလာတော် (ဥဩဘသောင်)
(ခ) ရွှေသဇင် (ဂီတလုလင်ဦးကိုကို)
(ဂ) မြဘယက် (ဥဩဘသောင်)
(ဃ) စိမ့်ကြီးမြိုင်ကြီး (ကိုအံ့ကြီး)
(င) ဆင်ကြီးဂဠုန်ချီ (ပျော်တော်ဆက်မတင်အောင်)
(စ) စွဲမက်တဲ့အာရုံ (ဥဩဘသောင်)
(ဆ) သိန်းထီဆုကြီး (နန်းတော်ရှေ့ဆရာတင်)
(ဇ) ပန်းစုံတဲ့တော (ခင်မောင်ရင်)
(ဈ) ရပ်ကြီးသူ (ဦးသိန်းကြွယ်)
(ည) မာန် (ဂီတလုလင်ဦးကိုကို)

၂။ ပညာရှင်အဆင့်(အမျိုးသမီး)

(က) ဆယ့်နှစ်လရာသီ (မေမေဝင်း)
(ခ) လမြတ်ကဆုန် (ရီရီသန့်)
(ဂ) စည်တော်ကြီး (ဦးဘခိုင်)
(ဃ) မြိုင် (မေလှမြိုင်)
(င) မင်းခမ်းမင်းနား (ဒေါ်ကြည်အောင်)
(စ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)
(ဆ) တောင်သူပျိုး (ဒေါ်ကြည်အောင်)
(ဇ) လယ်တောသူ (စိန်ပါတီ)
(ဈ) ရွှေလည်တိုင် (တင်တင်မူ)
(ည) နွှေဦးတေးသံ (မေလှမြိုင်)

၃။ ဝါသနာရှင်အဆင့်(အမျိုးသား)

(က) ချစ်ရတုတံတျာ (ကိုလေးမြင့်)
(ခ) ခေတ်ဆန်းချိန် (ရွှေညာမောင်)
(ဂ) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
(ဃ) မိုး (ကိုမြကြီး)
(င) စိမ်းမြလျှံခြယ်အောင်ပင်လယ် (ကိုအံ့ကြီး)

၄။ ဝါသနာရှင်အဆင့်(အမျိုးသမီး)

(က) အာရောဂျံ (ဒေါ်ကြည်အောင်)
(ခ) ပိတောက်ရွှေဝါ (လေဘာတီမမြရင်)
(ဂ) မြနန္ဒီ (မြင့်မြင့်ရှိန်)
(ဃ) ပြိုင်ပွဲကြီး (ထား)
(င) ကထိန်သင်္ကန်း (ဒေါ်စိန်ပါတီ)

၅။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

(က) မိုးကြိုတေးအလှနယုန်လ (ဓနုဖြူစိုးသိန်း)
(ခ) ရွှေမင်းဂံ (ကိုအံ့ကြီး)
(ဂ) တို့တောရွာ (ဥဩဘသောင်)
(ဃ) သုခုမ (စောင်းဦးဘသန်း)

၆။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)

(က) မေတ္တာဟူသည် (ထား)
(ခ) အေးတဲ့ရာသီ (ဒေါ်ကြည်အောင်)
(ဂ) ရွှေစက်တော် (ရတနာမြင့်)
(ဃ) သမာဓိ (မအေးမိ)

၇။ အခြေခံပညာ(၁၅-၂၀)နှစ် (အမျိုးသား)

(က) စံပယ် (မောင်မောင်ညွန့်)
(ခ) ကောက်ရိတ်ချိန် (မောင်ပွကြီး)
(ဂ) လူချွန်လူကောင်း (ကိုအံ့ကြီး)
(ဃ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)

၈။ အခြေခံပညာ(၁၅-၂၀)နှစ် (အမျိုးသမီး)

(က) ဖက်ဖူးဆင်ခင်ခင်ကြိုက်တယ် (ခင်သစ်လွင်)
(ခ) မြစ်ကြီးဧရာဝတီ (မြင့်မြင့်ခင်)
(ဂ) တောသူ့လုပ်ငန်း (သန်းသန်းမေ)
(ဃ) ပွဲကြိုက်မောင် (ဒေါ်ကြည်အောင်)

(ဆက်လက်ဖော်ပြပါမည်။)

ပဲခူးတိုင်း(အနောက်ပိုင်း) တွဲဖက်တိုင်းရဲတပ်ဖွဲ့ ၂၀၀၃ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း) တွဲဖက်တိုင်းရဲတပ်ဖွဲ့၏ ၂၀၀၃ ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းဝင်း၊ သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်သောင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက ၂၀၀၃ ခုနှစ် ပထမလေးလပတ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို တင်ပြကြ၍ တွဲဖက်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးပြီး လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ရွှေမြန်မာ၏ ရိုးရာအမွေပြပွဲ

*** ကမ္ဘာတစ်လွှား၊ နိုင်ငံများတွင်**
စံထားယဉ်ကျေးမှု၊ ကိုယ်စီပြုခဲ့
အနုပညာ၊ ရှေးရိုးရာတို့
စဉ်လာရှိမြဲ၊ မတူကွဲကြ
ခွဲခြားတီထွင်၊ ဆိုကယှဉ်လို့
သံစဉ်ဂီတ၊ ရေမြေမှသည်
ရာသီအလိုက်၊ ပူအေးကိုက်ညှိ
စရိုက်မတူ၊ ဖန်တီးယူခဲ့
ရှေးလူဟောင်းတို့ အမွေတည့်....။

*** ကမ္ဘာမှာတွေ့၊ မြန်မာဟေ့ဟု**
ဝေလေ့ရိုးရာ၊ တူရိယာနှင့်
ပန်တျာဆိုက၊ ရေးတီးကြရန်
မြန်မာ့ဟန်မူ၊ စစ်စစ်ထူထောင်
ယူဆောင်တင့်လျှမ်း၊ လက်ဆင့်ကမ်းခဲ့
ပွင့်လမ်းထွန်းသစ်၊ နှစ်နှစ်ထောင်ကျော်
ဂုဏ်ရောင်မော်ရန်၊ တွေးခေါ်မြင့်မား
ဘိုးဘေးများကို၊ လေးစားကန်တော့မိပါသည်....။

*** ကြေးကြိုးသားရေ၊ လက်ခုပ်လေနှင့်**
အခြေခံခိုင်၊ ဝေသံမြိုင်စွ
ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်နည်းဖြင့်
ဖန်တီးခဲ့ရာ၊ "တူရိယာ"များ
တိုင်းရင်းသားစုံ၊ မြင့်မားဂုဏ်ပြု
ယဉ်ကျေးမှုကို၊ ကြည့်ရှုလှည့်ပါ
ရွှေမြန်မာ၏၊ ရိုးရာအမွေပြပွဲပေတည်း....။ ။

(မြန်မာ့ရိုးရာ တူရိယာပြပွဲကြီးကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

ပျဉ်းမနားမြင့်လှိုင်

ဘာဆရာမြို့တွင် ဗြိတိသျှစစ်ထရပ်ကား တိုက်ခိုက်ခံရ ပုံစံတစ်မျိုးဖြင့် ပထမဆုံး တိုက်ခိုက်ခံရခြင်းဖြစ်

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ်နိုင်ငံတောင်ဖျားပိုင်း ဘာဆရာမြို့ရှိ ဓာတ်ငွေ့ဖြည့်တင်းရေးဆိုင်တွင် ဗြိတိသျှစစ်ဘက်ဆိုင်ရာ ကုန်တင်ထရပ်ကားတစ်စီး စနေနေ့က တိုက်ခိုက်ခံရရာ ဗြိတိသျှတပ်များ ဘာဆရာမြို့ သိမ်းပိုက်ပြီးသည့်နောက်ပိုင်း ပထမဆုံးပုံစံတစ်မျိုးဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုသည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဖြစ်ပွားခြင်းဖြစ်သည်။

မီးလောင်ကျွမ်း

အဆိုပါ ကုန်တင်ထရပ်ကားမှာ လက်ပစ်ဗုံးဖြင့် အတိုက်ခံရကာ မီးလောင်ကျွမ်းစဉ် ဗြိတိသျှတပ်သားများသည် အခင်းဖြစ်ပွားရာမှ ထွက်ပြေးသွားကြကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ဒေါသအမျက် ခြောင်းခြောင်းထွက်နေကြသည့် အီရတ်နိုင်ငံသားများက ယင်းကိစ္စဖြစ်ပွားမှုကို အခွင့်အရေးယူကာ ဗြိတိသျှစစ်သားများအား ကျောက်တုံး ကျောက်ခဲများဖြင့် ပစ်ခတ်နေစဉ် သံချပ်ကားလေးစီးခန့်နှင့် စစ်ဘက်သုံး ဂျစ်ကားသုံးစီးသည် အခြေအနေထိန်းချုပ်နိုင်ရန် အခင်းဖြစ်ပွားရာသို့ ရောက်လာသည်။

လူစုခွဲ

ဗြိတိသျှစစ်သားများက လူအုပ်ကြီးအား လူစုခွဲသည့်အနေဖြင့် သေနတ်ကို မိုးပေါ်ထောင်ပစ်သည်။

ဗြိတိသျှစစ်ဘက်က ယင်းကိစ္စဖြစ်ပွားမှုကို အခိုင်အမာ ပြောကြားခြင်းမရှိသလို ဝေဖန်ခြင်းလည်း မရှိပေ။ ဆက်ဒမ်ဟူစိန်အား သမ္မတရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် အမေရိကန်စစ်သားများအား မည်သူမည်ဝါမှန်း မသိရသည့် သေနတ်သမားများက နေ့စဉ်နီးပါး တိုက်ခိုက်လျက်ရှိရာ ဖော်ပြပါတိုက်ခိုက်မှုမှာ ဗြိတိသျှစစ်သားများအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ပြောက်ကျားတိုက်ခိုက်မှုကြောင့် အနည်းဆုံး အမေရိကန်တပ်သားလေးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၁၀

စနေနေ့က ဖြစ်ပွားခဲ့သော ပြောက်ကျားတိုက်ခိုက်မှုတွင် အနည်းဆုံး အမေရိကန်စစ်သားလေးဦး ဒဏ်ရာရရှိသွားသည်။ အမေရိကန် ဦးဆောင်သော အီရတ်သိမ်းပိုက်ရေးတပ်ဖွဲ့များသည် အီရတ်နိုင်ငံ အွမ်ကာဆာဆိပ်ကမ်းမြို့မှ ဒီဇယ်ဆီများ မှောင်ခိုခိုးထုတ်ရန် သယ်ဆောင်လာသော သင်္ဘောတစ်စင်းကို ပြည်ပသို့ ထွက်မသွားနိုင်အောင် ဟန့်တားနိုင်ခဲ့သည်ဟု ဆိုသည်။

ဒုတိယဗိုလ်မှူးကြီး ဘီမက်ဒေါ်နယ်သည် တီကရစ်မြို့ဒေသတွင် တာဝန်ယူထားသော အမေရိကန် အမှတ်(၄) ကြည်းတပ်မမှ ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။ ၎င်းက တီကရစ်မြို့တွင် တိုက်ကင်းလှည့်နေသော အမှတ်(၁၇၃) လေကြောင်းချီတပ်ရင်းသည် မြို့မြောက်ပိုင်းအရောက်တွင် ဒုံးကန်အားသုံး လက်ပစ်ဗုံးနှင့် အခြားလက်နက်ငယ်များဖြင့် ပစ်ခတ်ခံခဲ့ရကြောင်း ပြောကြားခဲ့သည်။

ဒဏ်ရာရ

တိုက်ခိုက်မှုကြောင့် စစ်သားနှစ်ဦး ဒဏ်ရာရရှိသွားကြသော်လည်း ယခုအခါ ထိုနှစ်ဦး၏ အခြေအနေမှာ တည်တည်ငြိမ်ငြိမ်ရှိနေပြီဖြစ်သည်။ တပ်ဖွဲ့က တိုက်ခိုက်ရေးသမားများကို ပြန်လည်ပစ်ခတ်ကြသည်။ သို့သော် အီရတ်ခုခံရေးသမားများ၏ အထိအခိုက်အခြေအနေကို မသိရသေးဟု ဆိုသည်။

ဘဂ္ဂဒက်မြို့လယ် လမ်းမပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်ဟမ်းဗီးစစ်ကားနှင့် လိုက်ပါလာသော စစ်သားနှစ်ဦး ဒဏ်ရာရရှိသွားသည်ဟု အမှတ်(၈၂) လေကြောင်းချီတပ်မမှ ဗိုလ်မှူးကော့ဒ်မာဆာက ပြောကြားသည်။ ဒဏ်ရာရစစ်သားများ၏ အသေးစိတ်အခြေအနေကိုမူ ဖော်ပြခြင်းမရှိပေ။

ထိန်းချုပ်

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တော်ဒေသကို ဗြိတိန်တပ်များက တာဝန်ယူထိန်းချုပ်ထားသည်။ ထိုမြို့တွင် ရေ၊ လျှပ်စစ်မီးနှင့် ဓာတ်ဆီပြတ်တောက်မှုများဖြစ်ပွားသည့်အတွက် အီရတ်လူမျိုး ၁၀၀၀ ခန့်သည် ဒေါသတကြီး ဆန္ဒပြခဲ့ကြသည်။

ခဲနှင့် ပစ်ပေါက်မှုကြောင့် ဗြိတိန်စစ်သားသုံးဦး ဒဏ်ရာရသွားသည်။ ထို့အပြင် အခြေအနေရှုပ်ထွေးနေစဉ် အီရတ်ကလေးတစ်ဦးမှာလည်း ဒဏ်ရာရရှိသွားသေးသည်ဟု မျက်မြင်သက်သေများက အေပီရုပ်မြင်သံကြားသတင်းဌာနသို့ သတင်းပေးကြသည်။ ဗြိတိန်စစ်ဘက်ဆိုင်ရာများကမူ စစ်သားများ ဒဏ်ရာရသွားသည်ဆိုသော သတင်းကို ငြင်းဆိုခဲ့သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ပိုင်း မိုင် ၃၇၀ အကွာရှိ ဘာဆရာမြို့တွင် ဩဂုတ် ၉ ရက်က ဖြစ်ပွားသည့် ဆန္ဒပြပွဲတွင် ဗြိတိသျှစစ်တပ်က အသုံးပြုခဲ့သည့် အဓိကရုဏ်းနှိမ်နင်းရေး ကျည်ခွံများကို ဘာဆရာမြို့ခံတစ်ဦးက သတင်းထောက်များအား ပြသနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ကို လွတ်မြောက်နိုင်သည့် တစ်ခုတည်းသောနည်းလမ်း ပြောက်ကျားစစ်ဆင်ရေးဖြစ်သည်ဟု အစ္စလမ္မစ်အုပ်စုက ပြောကြား

ဒူဘိုင်း ဩဂုတ် ၁၀

ယခင်က မကြားဖူးခဲ့ရသေးသော အစ္စလမ္မစ်ပြောက်ကျားအုပ်စုတစ်စုက ပြောကြားသော တိုက်တွန်းချက်များပါသည့် ဗီဒီယိုတိပ်ခွေကို စနေနေ့က ထုတ်လွှင့်သွားသည်။ ထိုတိပ်ခွေက အီရတ်ရှိ သိမ်းပိုက်ရေး တပ်များအား ပြောက်ကျားနည်းစနစ်ဖြင့် တိုက်ခိုက်ခြင်းသည်သာ နိုင်ငံကို ကယ်တင်နိုင်သော တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု ပြောကြားသွားသည်။

ထုတ်လွှင့်

ထိုတိပ်ခွေကို ဒူဘိုင်းအခြေစိုက် အယ်လ်အာရေးဗီးယား ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သွားသည်။ တိပ်ခွေတွင် မျက်နှာဖုံးစွပ်ထားသော လူငါးဦးပုံပေါ်လာပြီး ၎င်းတို့မှာ တံခွန်ဖြူ၊ မွတ်စလင်လူငယ်နှင့် မိုဟာမက်၏ စစ်သည်များအဖွဲ့များ၏ အဖွဲ့ဝင်များဖြစ်သည်ဟု ဆိုသည်။

၎င်းတို့က အီရတ်နိုင်ငံကို လွတ်မြောက်နိုင်စေမည့် တစ်ခုတည်းသောနည်းလမ်းမှာ ပြောက်ကျားစစ်ဆင်ရေးဖြစ်သည်ဆိုသည့်အချက်ကို အခြားသောအဖွဲ့အစည်းများအား သိစေအပ်ပါသည်၊ မိမိတို့သည် သိမ်းပိုက်ရေးအဖွဲ့များအား ဆန့်ကျင်သည့် မလိုလားဟူသောအချက်ကို ကမ္ဘာအား ပြသရပေလိမ့်မည်ဟု မျက်နှာဖုံးစွပ်ထားသူတစ်ဦးက ပြောကြားသွားသည်။

အသိပေး

ကမ္ဘာ့နိုင်ငံများအနေဖြင့် အီရတ်နိုင်ငံသို့ တပ်ဖွဲ့များစေလွှတ်ခြင်းမပြုကြရန် နောက်ဆုံးအကြိမ်အဖြစ် အသိပေးခြင်းဖြစ်သည်ဟု ဆက်လက်၍ ပြောကြားခဲ့သေးသည်။ ထိုတိပ်ခွေမှာ ဩဂုတ် ၉ ရက်က သွင်းယူခဲ့သော တိပ်ခွေဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

အီရတ်နိုင်ငံသားများ လုံခြုံမှုမရှိခြင်းကြောင့် ဒေါသထွက်နေကြ

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံရှိ အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များအနေဖြင့် ဆက်ဒမ်ဟူစိန်ကို ရှာဖွေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ယခုအချိန်အထိ သတင်းမရရှိသေးဘဲ အီရတ် အရပ်သားများအား သတင်းပေးရန် ဖိတ်ခေါ်လျက်ရှိသည်။ အီရတ်နိုင်ငံတွင် လောင်စာနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် အီရတ်နိုင်ငံသားများ မကျေနပ်ကြသည့်အပြင် လုံခြုံမှုမရှိသည့်အတွက်လည်း ဒေါသထွက်နေကြသည်။ သမ္မတ ဆက်ဒမ်ဟူစိန်လက်ထက်ကမှ လုံခြုံမှုအပြည့်အဝရှိကြောင်း အီရတ်တို့အနေဖြင့် ခံစားနေရသည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသွားသည်။ ***စီအင်န်အင်န်။***

တရုတ်ပြည် အနောက်တောင်ပိုင်း ယူနန်ပြည်နယ် မြို့တော်ကူမင်း၏ ဆင်ခြေဖုံးရှိ ရှုမျှော်ခင်းလှပသည့် ကျောက်တုံးသစ်တောတွင် ကမ္ဘာလှည့်ခရီးသည်များ ယီတိုင်းရင်းသားမျိုးနွယ်စု ရိုးရာဝတ်စုံဝတ်၍ ဩဂုတ် ၁၀ ရက်က အမှတ်တရ ဓာတ်ပုံအရိုက်ခံနေကြစဉ်။

(ဓာတ်ပုံ–ဆင်ဟွာ)

တရုတ်ပြည်၏ လျင်မြန်သည့် စီးပွားရေးတိုးတက်မှု — ခရီးသွားလုပ်ငန်း ဦးမော့လာရေး ဖန်တီးပေး

ဘေဂျင်း ဩဂုတ် ၁၀

တရုတ်ပြည်၏ လက်ရှိလူမှုရေးတည်ငြိမ်မှုနှင့် လျင်မြန်သည့် စီးပွားရေးတိုးတက်မှုက ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာမှုအတွက် ခိုင်မာသော အနေအထားတစ်ရပ်ကို ဖန်တီးပေးလျက်ရှိကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ဂူရီက စနေနေ့တွင် ပြောကြားလိုက်သည်။

ဘေဂျင်းတွင်ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများ(အာဆီယံ)နှင့် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများ အထူးအစည်းအဝေးတွင် ဂူက ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ခရီးသွားလာရေးဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ၎င်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

—— အပြုသဘောဆောင် ——

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါမှုကို နိုင်ငံအများအပြားက သိရှိထားကြကြောင်း၊ ၎င်းခရီးသွားလုပ်ငန်းက စီးပွားရေးတိုးတက်မှုနှင့် လူမှုရေးဆိုင်ရာ ကြီးပွားတိုးတက်မှုကို မြှင့်တင်ပေးနိုင်ပြီး အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရေးကို တိုးမြှင့်စေကာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုကို ကာကွယ်စေရာတွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ဂူက ပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများ၏ အမျိုးသားစီးပွားရေးတွင် အရေးပါသည့်ကဏ္ဍတွင် ရှိနေကြောင်း ဂူက ဆက်လက်ပြောကြားသည်။

တရုတ်အစိုးရက အခွန်အကောက်လျှော့ပါးသက်သာစေရေး၊ ခရီးသွားလုပ်ငန်းအတွက် ဘဏ္ဍာရေးအရ ထောက်ပံ့မှုနှင့် အခြားဝင်ငွေဆုံးရှုံးမှုရှိခဲ့သည့် စက်မှုလုပ်ငန်းများအပါအဝင် ဆားစ်ရောဂါဖြစ်ပွားမှုကြောင့် ဆုံးရှုံးခဲ့မှုများအား တိုက်ဖျက်ရန် မူဝါဒအသီးသီးချမှတ်ခဲ့ကြောင်း ဂူက ထပ်လောင်းပြောကြားသည်။

ဒေသအတွင်း ခရီးသွားလုပ်ငန်း အမြန်ဆုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်းကိုလည်း ဂူက ပြောကြားသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သမ္မတဘုရှ် အမေရိကန် ပြည်သူများအပေါ် ပြစ်မှုကြီးတစ်ရပ် ကျူးလွန်ခဲ့

ဘဂ္ဂဒက် ဩဂုတ် ၁၁

အမေရိကန် ဦးဆောင်တိုက်ခိုက်သည့် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ မိမိတို့၏ ထင်မြင်ယူဆချက်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှ စီအင်န်အင်န် သတင်းဌာန၏ အိုပင်းဖိုရမ်အစီအစဉ်သို့ ဆက်လက်ပေးပို့လျက်ရှိရာ အိုင်ယာလန်နိုင်ငံမှ ရှုမြင်သုံးသပ်သူတစ်ဦးက ရေးသားပေးပို့လိုက်သည်မှာ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ်က အမေရိကန်ပြည်သူများအပေါ် ကြီးမားသည့် ပြစ်မှုကြီးတစ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း၊ အီရတ်နိုင်ငံတွင် အစွမ်းထက်လက်နက်များ ရှိနေသည်ဆိုပြီး ၎င်းသည် အမေရိကန်ပြည်သူများကို လှည့်စားခဲ့ကြောင်း၊ ၎င်း၏လှည့်စားမှုကို အပေါင်းပါအချို့က ယုံပြီးလိုက်ခဲ့ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ယခုအခါတွင် စစ်ပွဲတိုက်ခိုက်ခြင်းသည် တရားမျှတမှု ရှိခြင်း၊ မရှိခြင်း ဆိုသည်ထက် သမ္မတဘုရှ်ကို ယုံကြည်ရမည်၊ မယုံကြည်ရမည် ဆိုသည်ကို မသိနိုင်ဘဲ ဖြစ်နေကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ၎င်း၏ဂုဏ်သိက္ခာ ယုံကြည်ရမှုနှင့် ပတ်သက်၍ အခြေအတင်ပြောဆိုမှုများ ပေါ်ထွက်လျက်ရှိပြီး အမေရိကန်နိုင်ငံ၏ လုံခြုံရေးကိုလည်း အလွန်အားနည်းသွားစေရန် ၎င်းက ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သေချာသည့် တစ်ခုမှာ သမ္မတဘုရှ် နောက်တစ်ကြိမ် ယခုကဲ့သို့ လှည့်စားခဲ့လျှင် အီရတ်အား စစ်ဆင်မှုတွင် ပါဝင်ခဲ့ကြသည့် ဘုရှ်၏ မဟာမိတ် အပေါင်းအပါများက နောက်မှလိုက်ကြတော့မည် မဟုတ်ကြောင်း ရေးသားဖော်ပြထားသည်။ ***စီအင်န်အင်န်။***

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဩဂုတ် ၉ ရက်က လက်လုပ်ဗုံးတစ်လုံးကြောင့် အကြီးအကျယ် ပျက်စီးခဲ့ရသည့် အမေရိကန်စစ်ရဲဟမ်းဗီးကားပေါ်တွင် တပ်ဆင်ထားသည့် စက်သေနတ်ကြီးကို ဖယ်ရှားရန် ကြိုးပမ်းနေသည့် အမေရိကန် အမှတ် (၈၂) လေကြောင်းချီတပ်ဖွဲ့မှ တပ်သား တစ်ဦးအား တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အမေရိကန်စစ်ဌာနချုပ် ဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကြီး အငြိမ်းစားယူရန် ဆုံးဖြတ်

ဝါရှင်တန် ဩဂုတ် ၁၀

အီရတ်နှင့် အာဖဂန်နစ္စတန် စစ်ဆင်ရေးများကို တာဝန်ယူကွပ်ကဲရသည့် အမေရိကန် စစ်ဌာနချုပ်မှ ဒုတိယ အကြီးအကဲ ဗိုလ်ချုပ်ကြီးသည် ၎င်း၏ ရာထူးမှ အနားယူရန် ဆုံးဖြတ်လိုက်ကြောင်း အရာရှိများက သောကြာနေ့တွင် ပြောကြားကြသည်။

အမေရိကန် မရိန်းတပ်ပေါင်းစုမှ ဒုတိယဗိုလ်ချုပ်ကြီး မိုက်ကယ် ဒီလောင်းသည် အမေရိကန်စစ်ဌာနချုပ်၏ ဒုတိယတပ်မှူးအဖြစ်မှ ဖယ်ပေးမည်ဖြစ်ကြောင်း၊ ၎င်း၏နေရာတွင် အစားထိုးခန့်ထားရေး မဆုံးဖြတ်ရသေးကြောင်းဖြင့် စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ လေတပ်ဗိုလ်မှူးမိုက်က ပြောကြားသည်။

စစ်ဌာနချုပ်သည် ဖလော်ရီဒါပြည်နယ် တမ်ပါရှိ မက်ဒီးလ်လေတပ်စခန်းတွင် ဌာနချုပ်ဖွင့်ထားသည်။ ဤစစ်ဌာနချုပ်က အာဖရိက အရှေ့မြောက်ပိုင်းမှသည် အရှေ့အလယ်ပိုင်းဒေသ ဗဟိုအာရှဒေသအထိ ကျယ်ပြန့်သော ဒေသအတွင်း အမေရိကန် စစ်ဆင်ရေးများကို တာဝန်ယူရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြောက်ကျားတိုက်ခိုက်မှု ဆက်လက်ဆင်နွှဲမည်

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံ ဘာဆရာမြို့တွင် အမေရိကန်တို့အား အကြမ်းဖက် ဆန့်ကျင်ကန့်ကွက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ အကြမ်းဖက်ဆန့်ကျင်သည့် လူအုပ်ကြီးအား ငြိမ်းချမ်းစွာ အဖြေရှာရန်နှင့် အမေရိကန်တို့ ဝင်ရောက်သိမ်းပိုက်ထားမှုအား ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းမှသာ အဆုံးသတ်နိုင်မည်ဖြစ်ကြောင်း ရှီးယားမွတ်စလင် ဘာသာရေးခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

ထုတ်လွှင့်ပြသ

သို့သော်လည်း အဆိုပါနည်းလမ်းသုံးခြင်းဖြင့် မရနိုင်ကြောင်း အချို့က ပြောကြားသည်။ ထိုအတောအတွင်း အမေရိကန်တို့အား ပြောက်ကျားတိုက်ခိုက်မှုများ ဆက်လက်ဆင်နွှဲသွားမည်ဟု ကြွေးကြော်နေသော အီရတ်အစ္စလာမ်အုပ်စုတစ်စုကို ဒူဘိုင်းအခြေစိုက် အယ်လ်အာရေးဗီးယားရုပ်သံက စနေနေ့တွင် ထုတ်လွှင့်ပြသသွားခဲ့သည်။

ထုတ်ဖော်ပြောကြား

အဆိုပါ အုပ်စုထဲမှ လူတစ်ဦးက ၎င်းတို့သည် အလံဖြူမွတ်စလင်လူငယ်နှင့် မိုဟာမက်တပ်ဖွဲ့ အစည်းအရုံးဝင်များဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု စီစီတီဗွီသတင်းဌာနက တင်ပြသွားသည်။ ***စီစီတီဗွီ။***

သမ္မတဘုရှ်၏ တူမ စာရိတ္တပြုပြင်ရေးစခန်းမှ ပြန်လွတ်

မီယာမီ ဩဂုတ် ၁၀

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏တူမ ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူး ဂျက်ဘုရှ်၏သမီး နိုလီဘုရှ်(၂၆နှစ်)အား တရားရုံးအမိန့်အရ မူးယစ်ဆေးစွဲသူများ စာရိတ္တပြုပြင်ရေးစခန်းတွင် အနည်းဆုံး တစ်နှစ်ကြာ နေထိုင်စေပြီးနောက် ၎င်းအား သောကြာနေ့က ပြန်လွှတ်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

နိုလီဘုရှ်မှာ မူးယစ်ဆေးဝယ်ယူရန် ဆရာဝန် ဆေးထောက်ခံစာအတုသုံးစွဲမှုဖြင့် ၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် ၎င်းအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ပွဲအတွင်း ထွက်ပြေးသွားကြသည့် တိုက်ခိုက်ရေးသမားများ အီရတ်နိုင်ငံသို့ ပြန်ဝင်ရောက်လာပြီး တိုက်ခိုက်ရန် ပြင်ဆင်နေ

နယူးယောက် ဩဂုတ် ၁၀

အီရတ်စစ်ပွဲအတွင်းက တိမ်းရှောင်ထွက်ပြေးသွားကြသည့် ရာပေါင်းများစွာသော တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာကြပြီး တိုက်ခိုက်ရေးလုပ်ငန်းများ ကြီးကြီးကျယ်ကျယ် ဆောင်ရွက်ရန် ပြင်ဆင်နေကြကြောင်း သတင်းများရရှိသည်ဟု အမေရိကန် ဦးဆောင်သော အီရတ်နိုင်ငံ အုပ်ချုပ်ရေးအဖွဲ့က ဆိုသည်။

— ပြန်လည်ဝင်ရောက် —

စစ်ပွဲကာလ အီရတ်နိုင်ငံအတွင်းရှိ အင်ဆာအယ်လ် အစ္စလာမ်တိုက်ခိုက်ရေးအဖွဲ့ကို အမေရိကန်တို့က ချေမှုန်းရန် ကြိုးစားခဲ့ကြသည်။ ထိုစဉ်က ၎င်းအဖွဲ့သည် အီရန်နိုင်ငံသို့ တိမ်းရှောင်သွားခဲ့ပြီး ယခုအခါ အီရတ်နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်ဟု အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ဆိုသည်။

ယခုအခါ ရာပေါင်းများစွာသော တိုက်ခိုက်ရေးသမားများသည် သိမ်းပိုက်ရေးတပ်ဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့ကို တိုက်ခိုက်ရန် ပြင်ဆင်လျက်ရှိကြသည်ဟု ပေါလ်ဘရီမာက ပြောကြားကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

အင်ဆာအယ်လ် အစ္စလာမ်တိုက်ခိုက်ရေးအဖွဲ့သည် နယူးယောက်မြို့တွင် ကြီးကျယ်သော တိုက်ခိုက်မှုလုပ်ရပ်ကို ဆောင်ရွက်ရန် ပြင်ဆင်နေကြကြောင်း သတင်းများရရှိသည်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် တိုက်ခိုက်ရေးအဖွဲ့ တော်တော်များများရှိနေသည်ဟု ယူဆရသည့်အတွက် ကျွန်ုပ်တို့သည် နိုးနိုးကြားကြားရှိနေရန် လိုအပ်သည့်အပြင် တိုက်ခိုက်ရေးလုပ်ငန်းများနှင့် ကြုံတွေ့ရနိုင်သည်ဆိုသည့် အချက်ကိုလည်း မျှော်လင့်ထားကြရလိမ့်မည်ဟု ဘရီမာက ပြောကြားသည်။

— အဆက်အစပ်ရှိ —

ဘုရှ်အစိုးရ၏ အစီရင်ခံစာများတွင် အင်ဆာအဖွဲ့နှင့် အယ်လ်ခိုင်ဒါအဖွဲ့တို့ အဆက်အစပ်ရှိသည်ဟု ဖော်ပြထားသည်။ အယ်လ်ခိုင်ဒါအဖွဲ့သည် အီရတ်တွင် ရောက်ရှိနေသည်ဟု ယူဆရသည်။ သို့သော် မိမိတို့တွင် သက်သေအထောက်အထား တစ်စုံတစ်ရာမရှိပါဟု အမေရိကန်အာဏာပိုင်များက ဆိုသည်။

အီရတ်နိုင်ငံရှိ ဂျော်ဒန်နိုင်ငံသံရုံးရှေ့တွင် ကားဗုံးတစ်လုံး ပေါက်ခဲ့ခြင်းကြောင့် လူ ၁၇ ဦး သေဆုံးသွားပြီး အများအပြားဒဏ်ရာရရှိသွားခဲ့သည်။ ***အင်တာနက်။***

ပိုမိုဝေးဝေးရောက်မည့် အဂ္ဂနီဒုံးကျည် တည်ဆောက်အောင်မြင်

ဟိုက်ဒရာဘတ် ဩဂုတ် ၁၀

အိန္ဒိယနိုင်ငံက အပေါ့စား တိုက်လေယာဉ်(အယ်စီအေ)များကို ရေဒါဖြင့် ဖမ်းမရအောင် နည်းပညာများဖြင့် ဖန်တီးတည်ဆောက်ထားသည်။

ထို့ပြင် ကာကွယ်ရေးဌာန သိပ္ပံပညာရှင်များက ဒုံးကျည်များကို ပိုမို ခရီးပေါက်ကာ တာဝေးရောက်နိုင်ရေးအတွက် အပေါ့စား အဂ္ဂနီဒုံးကျည်များကို တည်ဆောက်လျက်ရှိသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ဂျပန် တိုင်ဖွန်းမုန်တိုင်း လူလေးဦး သေဆုံး

တိုကျို ဩဂုတ် ၁၀

ဂျပန်နိုင်ငံတစ်ဝန်း နယ်မြေဒေသများကို ဖြတ်သန်းလျက် တိုင်ဖွန်းမုန်တိုင်း ယနေ့ တိုက်ခတ်ရာ လူလေးဦး သေဆုံးပြီး ၁၀ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိသည်။ အီတောအမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် ပစိဖိတ်သမုဒ္ဒရာ အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခြင်း မရှိမီ ဂျပန်နိုင်ငံတွင် လေးရက်ကြာမျှ တိုက်ခတ်သွားခဲ့ရာ နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းတွင် ထိခိုက်မှုများ ဖြစ်ပေါ်ရသည်။ တိုက်ဖွန်းမုန်တိုင်း တိုက်ခတ်စဉ် လူသုံးဦးမှာ ရေနစ်သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

တရုတ်ပြည် အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် မြို့တော်ချန်ဒူးတွင် နွေရာသီ စခန်းသွင်း ကွန်ပျူတာ သင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။ (ပုံမှာ ကွန်ပျူတာ ကွန်ရက်ချိတ်ဆက်မှု သင်တန်းသို့ တက်ရောက်နေသော ကျူဇောင်ယင်း အမည်ရှိ အသက်ကိုးနှစ်အရွယ် မိန်းကလေးငယ်လေးက သူမ၏ဟုမ်းပေ့ဂျ်ကိုအခြားသော သင်တန်းသူကလေးများအား ဖွင့်လှစ်ပြသနေသည်ကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။) *(ဓာတ်ပုံ–ဆင်ဟွာ)*

စပိန်နိုင်ငံတွင် အပူလှိုင်းရိုက်ခတ်၍ လူ ၁၈ ဦး သေဆုံး

မဒရစ် ဩဂုတ် ၁၀

စပိန်နိုင်ငံတွင် အပူလှိုင်း ရိုက်ခတ်သည့်အတွက် ဩဂုတ် ၁ ရက်နောက်ပိုင်း လူ ၁၈ ဦး သေဆုံးခဲ့ရကြောင်း အမျိုးသားမိုးလေဝသအေဂျင်စီက သောကြာနေ့တွင် ပြောကြားသည်။

သောကြာနေ့က အမြင့်ဆုံးအပူချိန်မှာ ၄၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထိရှိပြီး အပူလှိုင်းသည် ရက်သတ္တပတ်ကုန်သည့် ရက်များအထိ ကြာရှည်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။ စပိန်နိုင်ငံတွင် နှစ်ပေါင်း ၇၀ ကျော်အတွင်း မကြုံစဖူးလောက်အောင် နွေရာသီအပူချိန် မြင့်တက်ခဲ့သည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ဘဂ္ဂဒက်မြို့လယ်တွင် ဩဂုတ် ၇ ရက်က ဒုံးကန်အားသုံးလက်ပစ်ဗုံးဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီး ပျက်စီးခဲ့ပြီးနောက် မသင်္ကာဖွယ်ရာ အဆောက်အအုံတွင်းမှ အီရတ်အမျိုးသားများကို ဖမ်းဆီးခေါ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အီရတ်ပြန်လည်ထူထောင်ရေး ကမ္ဘာ့နိုင်ငံများ ပါဝင်ကူညီရန် တိုက်တွန်း နိုင်ငံတကာ သံအမတ်ကြီးများ၏ ပထမအကြိမ်ညီလာခံ ကူဝိတ်၌ ကျင်းပ

ကူဝိတ်စီးတီး ဩဂုတ် ၁၁

ကမ္ဘာ့မိသားစု အသိုက်အဝန်းသည် အီရတ်နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ကြရန်နှင့် အီရတ်နိုင်ငံတွင် ဖြစ်နိုင်သမျှ အတိုတောင်းဆုံး ကာလတာအတွင်းမှစ၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်နိုင်ရေးအတွက် ငွေကြေးလှူဒါန်းမှုများ ပြုလုပ်ကြပါရန် နိုင်ငံတကာ သံအမတ်ကြီးများ၏ ပထမအကြိမ် ညီလာခံတစ်ရပ်တွင် တိုက်တွန်းလိုက်ကြသည်။

အီရတ်နိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဟူ၍ အမည်ပေးထားသော အဆိုပါညီလာခံကိုကူဝိတ်နိုင်ငံရှိအကောက်ခွန်ရုံးခန်းမတွင် စနေနေ့က ကျင်းပခဲ့ရာ၌ သံအမတ်ကြီးများ၊ သံတမန်များ၊ ကူဝိတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးတည်ချက်

ယခုကျင်းပသော ညီလာခံ၏ ဦးတည်ချက်မှာ အီရတ်ပြည်သူလူထုအား ငွေကြေးအရ ကူညီမှုများပေးနိုင်ရန် ဖြစ်ကြောင်း၊ အီရတ်နိုင်ငံတွင် လစာများ ထုတ်ပေးခြင်းနှင့် ပင်စင်လစာများ ထုတ်ပေးခြင်းတို့အတွက် တစ်လလျှင် အမေရိကန် ဒေါ်လာ ၁၇၅ သန်း ကျခံသုံးစွဲရမည်ဖြစ်ပြီး အလုပ်အကိုင်နေရာပေါင်း ၃၀၀၀၀၀ ကို ဖန်တီးပေးနိုင်မည့် အစီအစဉ်တစ်ရပ်ကိုလည်း ချမှတ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးကြသည်။

အီရတ်နိုင်ငံဆိုင်ရာ အလှူရှင်များ၏ ညီလာခံတစ်ရပ်ကို စပိန်နိုင်ငံ မဒရစ်တွင် အောက်တိုဘာလနှောင်းပိုင်း၌ ကျင်းပမည်ဖြစ်ကြောင်း အမေရိကန်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ မာရက်ဘယ်လ်ကာက ပြောကြားသည်။

ကြိုးပမ်း

အီရတ်နိုင်ငံတွင် လူမှုရေး အခြေအနေများ ဆိုးရွားသည့် ပြဿနာမျိုး ပေါ်ပေါက်ခြင်းမှ တားဆီးကာကွယ်နိုင်စေရန် နိုင်ငံတကာက ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း ကူဝိတ်လူသားချင်းစာနာ ထောက်ထားမှုလုပ်ငန်းများဌာနမှ ညွှန်ကြားရေးမှူး အလီအယ်လ်မူမင်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် ပြည်သူလူထု ပုံမှန်နေထိုင် လှုပ်ရှားမှုများ ဖြစ်ပေါ်ရေးအတွက် ကမ္ဘာ့နိုင်ငံများက အကူအညီများပေးသွားနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ၎င်းက တိုက်တွန်းသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ထူထောင်ရေး ကုလသမဂ္ဂ ဆုံးဖြတ်ချက် ချမှတ်ဖွယ်ရှိ

လန်ဒန် ဩဂုတ် ၁၁

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် နောက်ထပ်အဆင့်တစ်ရပ်ကို အတည်ပြုထောက်ခံပေးမည့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်တစ်ရပ် ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာသို့ ဗြိတိန်အစိုးရထိပ်တန်းအရာရှိတစ်ဦးက သတင်းပေးပြောကြားလိုက်သည်။

ဂါဒီယန်သတင်းစာက ဖော်ပြရာတွင် ဗြိတိန်နိုင်ငံသည် လာမည့်လတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဉက္ကဋ္ဌနေရာ ဆောင်ရွက်ရမှုကို အသုံးချ၍ အီရတ်နိုင်ငံ လုံခြုံရေးဆောင်ရွက်မှုများတွင် နိုင်ငံတကာတပ်ဖွဲ့များ ပိုမိုပါဝင်လာစေသည့် ဆုံးဖြတ်ချက်သစ်တစ်ရပ်ကို ချမှတ်ဖွယ်ရှိကြောင်း စီစီတီဗွီဌာနက ဖော်ပြသည်။ *စီစီတီဗွီ။*

ဆက်ဒမ်၏လက်ထောက်များအား ရှာပုံတော်ဖွင့်ရာ၌ သုံးသည့် အမေရိကန်၏ဗျူဟာသည် ရန်သူပိုမိုများပြားစေဟု ပြောဆို

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ လက်ထောက်အရာရှိကြီးများအား ရှာပုံတော်ဖွင့်ရာတွင် အသုံးပြုနေသည့် အမေရိကန်၏ နှိပ်ကွပ်ရေးနည်းဗျူဟာသည် မိတ်ဆွေထက် ရန်ပိုမိုပွားများစေသည့် ဗျူဟာဖြစ်ကြောင်း အီရတ်မှ အင်အား ၁၅၀၀၀၀ရှိ အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူးဖြစ်သူ ရီကာဒိုဆန်ချက်ဇ်က ဝန်ခံပြောကြားလိုက်သည်။

ကျိုးနွံနွေးထွေး

မိမိ၏ တပ်သားများက ယင်းဗျူဟာကို စွန့်လွှတ်သင့်ပြီ၊ ၎င်းနည်းဗျူဟာအစား အီရတ်ပြည်သူ၊ ပြည်သားများအား ကျိုးနွံနွေးထွေးသည့် ဆက်ဆံမှုဖြင့် အစားထိုးသင့်ကြောင်း ဆန်ချက်ဇ်က နယူးယောက်တိုင်းမ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ယနေ့မှစတင်၍ အမေရိကန်က သင်္ကာမကင်းဖြစ်သူ ရာဇဝတ်သားများအား လိုက်လံဖမ်းဆီးရေးအတွက် အသစ်ဖွဲ့စည်းထားသည့် အီရတ် လုံခြုံရေးတပ်သားသစ်များကို အခြေစိုက်၍ အသုံးပြုရတော့မည်ဖြစ်ပြီး လက်နက်ပုန်းလက်နက်ငယ်များ ရှာဖွေမှုများလည်း ပြုလုပ်ရတော့မည်ဖြစ်ကြောင်း ဆန်ချက်ဇ်က ဆက်လက်ပြောကြားသည်။

သေဆုံးခဲ့ရ

သမ္မတဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ပွဲကြီးများ အဆုံးသတ်သွားကြောင်း မေ ၁ ရက်က ကြေညာပြီးသည့်နောက် အီရတ်အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် အီရတ်အရပ်သားများစွာ အမေရိကန်စစ်သားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။

ယင်းအချက်က အီရတ်ပြည်သူများ၏ စိတ်သဘောထားကို မီးထိုးပေးရာရောက်ပြီး အမေရိကန်စစ်သားများအား တိုက်ခိုက်စေခဲ့သည့် အခြေသို့ ရောက်ရှိခဲ့ရသည်။

မယုံကြည်ကြ

အမေရိကန်၏ မူဝါဒအသစ်နှင့်စပ်လျဉ်း၍ မေးမြန်းကြည့်ရာတွင် အီရတ်ပြည်သူများက ၎င်းတို့သည် အမေရိကန်များအား မယုံကြည်ကြောင်း၊ ၎င်းတို့က အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်ကြောင်းဖြင့် ဒေါသတကြီး တုံ့ပြန်ပြောကြားကြသည်။

အချို့သော အီရတ်ပြည်သူများက ၎င်းတို့အိုးအိမ်များ၏ တံခါးများသည် ဖောက်ခွဲရေးပစ္စည်းများကြောင့် ပျက်စီး၊ ပရိဘောဂပစ္စည်းများ ထိခိုက်ပျက်စီး သို့တည်းမဟုတ် ကပြောင်းကပြန်ဖြစ်၊ ငွေနှင့်လက်ဝတ်ရတနာများ အမေရိကန်တပ်သားများ ရှာဖွေပြုလုပ်တိုင်း အလုအယက်ခံရကြောင်း ဒေါသတကြီး ပြောကြားကြသည်။

တဖွဖွပြော

ယင်းသို့သောဇာတ်ကြောင်းများကို အီရတ်ပြည်သူများက တဖွဖွပြောနေကြပြီး အမေရိကန်ကျူးကျော် သိမ်းပိုက်ရေးသမားများအား ရန်လိုတိုက်ခိုက်မှုဖြစ်ပွားစေရန် သွေးထိုးပေးသကဲ့သို့ ဖြစ်စေသည်။ အမေရိကန်၏ ဖော်ပြပါနှိပ်ကွပ်ရေးနည်းဗျူဟာ၏ အားနည်းမှုကြောင့် အီရတ်ပြည်သူများ၏ လက်နက်ကိုင်တော်လှန်ရေးကို ဂုဏ်ရောင်ပြောင်စေကြောင်း ဆန်ချက်ဇ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

တောမီး လောင်မှု သတိဝီရိယ ထားရှိရန် အီတလီ၌ နှိုးဆော်

ရောမ ဩဂုတ် ၁၀

အီတလီပြည်သူ့ကာကွယ်ရေးဌာန အကြီးအကဲ ဘာတိုလာဆိုက အီတလီနိုင်ငံသူ၊ နိုင်ငံသားအား တောမီးလောင်မှုကိစ္စနှင့်ပတ်သက်၍ သတိဝီရိယနှင့် စောင့်ကြည့်နေထိုင်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

အဆိုပါ တောမီးကြောင့် အီတလီနိုင်ငံအပေါ်ပိုင်းနှင့် အောက်ပိုင်းဒေသတို့တွင် သစ်တောဟက်တာ ရာချီ၍ လွန်ခဲ့သည့် ရက်သတ္တပတ်က မီးလောင်ကျွမ်းကာ ဆုံးရှုံးခဲ့ပြီး ဆက်လက်ပူပြင်းနေမှုနှင့် မိုးခေါင်မှုတို့က မီးလောင်မှု ပိုမိုဖြစ်ပွားရန် ဖန်တီးလျက်ရှိကြောင်း ဘာတိုလာဆိုက သတိပေးထားသည်။

အီတလီနိုင်ငံ၏ တောင်ပိုင်းဒေသသည် ယခုအခါ မီးကြောင့်ပျက်စီးနိုင်သည့် ဘေးအန္တရာယ်အရှိဆုံး ဒေသဖြစ်ကြောင်း ဘာတိုလာဆိုက သောကြာနေ့တွင် သတိပေးထားသည်။ အဆိုပါဒေသသည် အစဉ်အလာအားဖြင့် နွေရာသီတွင် မီးလောင်မှုအဆိုးရွားဆုံးဖြစ်ပွားခဲ့ရာ ဒေသဖြစ်သည်။

ဆိုရင်တိုကျွန်းဆွယ်တွင် သုံးရက်ဆက်တိုက် အဓိကမီးလောင်မှုများဖြစ်ပွားခဲ့မှုက ဘာတိုလာဆို၏ ခန့်မှန်းပြောကြားမှုကို အတည်ပြုပေးသကဲ့သို့ ဖြစ်စေသည်။

ကာဆာတာဒေသအနီး မီးလောင်ရာတွင် မီးသတ်သမားများက ရှစ်ကီလိုမီတာ အရှည်ရှိ လူတန်းတပ်ဖွဲ့ကြီးဖြင့် ရေပူဖောင်းများအသုံးပြုကာ မီးသတ်လျက်ရှိသည်။ အဆိုပါဒေသ၏ မီးသည် မြို့သုံးမြို့အား အန္တရာယ်တစ်ရပ်အဖြစ် ခြိမ်းခြောက်လျက်ရှိသည်။

အီတလီနိုင်ငံမြောက်ပိုင်းတွင် ဖလောရင့်စ်မြို့ပြင် တောင်ကုန်းများတွင် မီးဆက်လက်လောင်ကျွမ်းလျက်ရှိပြီး အာဂျင်တာရီယိုကျွန်းဆွယ်တစ်ဝိုက်တွင် ပြဿနာများပေါ်ပေါက်စေရန် ဖန်တီးလျက်ရှိသည်။ ဆာဗိုနာပြည်နယ်တွင် အခြေအနေတိုးတက်မှုရှိနေသော်လည်း မီးလောင်မှု ဆက်လက်ဖြစ်ပွားနေသေးသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ် ၈ ရက်ကကျင်းပသည့် လက်ထပ်မင်္ဂလာအခမ်းအနား ဝတ်စားဆင်ယင်မှုပြပွဲတွင် မိခင်ဖြစ်သူက သမီးအတွက် အဖိုးတန်လက်ဝတ်ရတနာများ စိတ်ကြိုက်ရွေးချယ်၍ ဝယ်ယူပေးနေစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ပြည်နှာမှ ငွေရှာကောင်းသူများ (၂)

ကပွိယ ကံကောင်း

ဒီမိုကရေစီလှုပ်ရှားမှုအမည်ခံပြီး တည်ဆဲအစိုးရကို ဆန့်ကျင်နေကြသူတွေဟာ ခြေတံလက်တံရှည် သူလျှိုအဖွဲ့အစည်းတွေရဲ့ နှောင်ကြိုးမကင်းတဲ့ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ဘာသာရေးနဲ့ လူမှုရေး အဖွဲ့အစည်းတွေအပါအဝင် နိုင်ငံအချို့က အာဏာပိုင် အဖွဲ့အစည်းတွေရဲ့ အကူအညီကို နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်ရယူပြီး ဒုက္ခသည်(အမည်ခံ)အဖြစ်နဲ့ မြန်မာ–ထိုင်း နယ်စပ်ကတစ်ဆင့် အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ဂျပန်နဲ့ ထိုင်းနိုင်ငံတို့မှာ အများဆုံးခိုကပ်နေထိုင်ခွင့်ရသွားကြလေရဲ့။

အဲဒီလို ဒုက္ခသည်အမည်ခံ ပြည်ပြေးတွေကို

- Open Society Institute (OSI) အဖွဲ့။
- Jesuit Refugee Service (JRS) အဖွဲ့။
- Burma Action Group (BAG) တစ်ဖြစ်လဲ The Burma Campaign အဖွဲ့။
- Burma Peace Foundation အဖွဲ့။
- Christian Regfugee Council အဖွဲ့။
- Refugee International အဖွဲ့။
- Human Right Watch အဖွဲ့

တွေက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုတွေပေးပြီး မြန်မာပြည်ဖျက်ဆီးရေး စီမံကိန်းတွေကို မောင်းနှင်အားမြှင့်တင်ပေးခဲ့ပါတယ်။

မြန်မာပြည်ဖျက်ဆီးရေး စီမံကိန်းတွေနဲ့ပတ်သက်လို့ နယ်ချဲ့လက်သစ်သူလျှိုတွေရဲ့ ခြေတံ၊ လက်တံတွေက ရှည်လွန်းလှပါတယ်။ နေရာတကာမှာ သူလျှိုပိုက်ကွန်တွေ ဖြန့်ကြက်ထားပြီး နိုင်ငံတကာက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကို လိုရာလမ်းကြောင်း တွန်းပို့နိုင်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ထိုအတူ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေရဲ့ နောက်ကွယ်မှာလည်း ခြေပုန်းခုတ်လှုပ်ရှားနိုင်ခဲ့ပါတယ်။

ဒါတင်မက

အစိုးရနဲ့ပတ်သက်တဲ့အဖွဲ့အစည်းအချို့ဆိုရင်လည်း မြန်မာပြည်ဖျက်ဆီးရေး စီမံကိန်းတွေမှာ ပါဝင်ပတ်သက်လာတာကို တွေ့ရပြန်ပါတယ်။ ရှေ့ပိုင်းမှာ ဖော်ပြခဲ့ပြီးဖြစ်တဲ့ National Endowment for Democracy (NED)အဖွဲ့ဆိုတာဟာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အဓိကကြိုးကိုင်ခံရတဲ့ အဖွဲ့အစည်းပါပဲ။ အဲဒီအဖွဲ့အတွက် ရန်ပုံငွေတွေကို အမေရိကန်ကွန်ဂရက်က အများဆုံးထောက်ပံ့ပြီး အခြား NGO အဖွဲ့အစည်းတွေကလည်း ဖြည့်ဆည်းပေးလျက်ရှိနေပါတယ်။

NED အဖွဲ့ဟာ အဲသလို နည်းလမ်းတွေနဲ့ ရရှိလာတဲ့ ရန်ပုံငွေတွေကို နယ်စပ်ဒေသမှာရှိတဲ့ သောင်းကျန်းသူတွေ အပါအဝင် နိုင်ငံတကာရောက် မြန်မာပြည်ပြေး အကြမ်းဖက်သမားတွေ လှုပ်ရှားမှုတွေ လူမွေးပြောင်းစေဖို့ ထောက်ပံ့ပေးကမ်းနေတဲ့အပြင် မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေဖို့နဲ့ နိုင်ငံတကာက မြန်မာအစိုးရအပေါ် ဖိအားပေးမှုပေါင်းစုံ ပြုလုပ်လာစေဖို့ နည်းမျိုးစုံသုံးပြီး ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းပေါင်းစုံကိုလည်း တိုက်ရိုက်ငွေကြေးတွေ ထောက်ပံ့ပေးကမ်းဆဲပါ။

တစ်ချိန်က မြန်မာ–ထိုင်းနယ်စပ်မှာ ABSDF အရေခြုံပြီး ဒီမိုကရေစီကြေးကြော်သံတွေနဲ့ လက်နက်ကိုင်နိုင်ငံရေးလုပ်စားခဲ့တဲ့ ABSDF အဖွဲ့ဝင်ဟောင်းတွေဟာ အမေရိကန်ပြည်ထောင်စုကို သွားရောက်စုဝေးခဲ့တာဟာလည်း စိတ်ဝင်စားစရာပါပဲ။ အဲဒီပြည်ပြေးတွေဟာ Refugee Status ရရှိထားတာကြောင့် Refugee Passportလို့ အလွယ်ခေါ်ကြတဲ့ အမေရိကန်အစိုးရတရားရေးဌာနရဲ့ Re-entry Permits ကိုင်ဆောင်ပြီး အမည်အမျိုးမျိုးခံ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေကို ကိုယ်ပိုင်ထူထောင်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံ ဖျက်ဆီးရေးစီမံကိန်းတွေမှာ မြန်မာပြည်ပြေးတွေ ကိုယ်တိုင်အမည်အမျိုးမျိုးခံပြီး အသင်းအပင်းတွေ ထူထောင်လှုပ်ရှား လုပ်စားနေကြသလို နိုင်ငံခြားသားတွေကိုယ်တိုင်ကလည်း တစ်စင်ထောင် လှုပ်ရှား လုပ်စားတာတွေ ရှိနေပြန်သေးရဲ့။ အင်္ဂလန်အခြေစိုက် မြန်မာအစိုးရဆန့်ကျင်ရေးအုပ်စုတွေထဲမှာ နောက်ဆုံးပေါ် အမည်တစ်ခုနဲ့ ခေါင်းထောင်လှုပ်ရှားနေတဲ့ အဖွဲ့ကတော့ The Burma Campaign (UK)ဆိုတဲ့ အဖွဲ့ပါပဲ။

Burma Campaign ဆိုတဲ့ အမည်သညာဟာ အတိတ်ကာလ မြန်မာနိုင်ငံကို ဗြိတိသျှလူလည်တွေ ကျွန်ဇာတ်သွင်းဖို့ စီစဉ်ခဲ့စဉ်က သုံးခဲ့တဲ့အမည်လည်း ဖြစ်ပါတယ်။ အဲဒီအဖွဲ့ဟာ လက်ရှိ မြန်မာနိုင်ငံအစိုးရကို လက်နက်စွဲကိုင်ဆန့်ကျင်တိုက်ခိုက်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ဝရမ်းပြေး၊ ပြည်ပြေးပေါင်းစုံကို ငွေကြေးထောက်ပံ့ပေးနေတဲ့ Burma Action Group (BAG) အဖွဲ့ကို အရေခွံလဲထားတဲ့ အဖွဲ့ပါ။ အဲဒီအဖွဲ့ကို ဦးဆောင်ခဲ့သူက Miss. Zanetta Anne Liddel ဖြစ်ပြီး ဒေါ်စုကြည်ရဲ့ ယောက္ခမ Evelyn Arisနဲ့ ဒေါ်စုကြည်ရဲ့ မွေးစားမိခင် Lady Gore Booth အပါအဝင် အင်္ဂလန်မျက်နှာဖြူ လူတွင်ကျယ်တွေက ဝန်းရံ ထောက်ကူပေးခဲ့ပါတယ်။

နောက်တစ်ခါ

Evelyn Arisနဲ့ Lady Gore Boothတို့ ကိုယ်တိုင်ကလည်း Prospect Burma Organization (PBO) အဖွဲ့ကို ကိုယ်ပိုင်ထူထောင်ပြန်တယ်။ အဲဒီအဖွဲ့ဟာ ဒေါ်စုကြည်ရဲ့ ဓာတ်ပုံကို အသုံးချပြီး နိုင်ငံတကာလေဆိပ်တွေမှာ အလှူခံဖြတ်ပိုင်းတွေနဲ့ အလှူခံ၊ သံရုံးတွေကို အလှူခံဖြတ်ပိုင်းတွေပို့ပြီး အလှူခံစားနေကြလေရဲ့။ မြန်မာပြည်မှာရှိတဲ့ အနောက်နိုင်ငံသံရုံးကြီးတွေဆီတောင် ပို့လိုက်သေး။ သံရုံးတွေကလည်း မကောင်းတတ်တော့ ဒေါ်လာနှစ်ဆယ်၊ သုံးဆယ်လောက်လှူပေါ့။ အချို့နေရာတွေကြပြန်တော့ အချီကြီး ရသွားတတ်ကြတယ်။

PBO အဖွဲ့ဟာ **ဒေါ်စုကြည်**နဲ့ အနီးကပ်ဆုံးပုဂ္ဂိုလ်ရေး ဆက်နွှယ်သူတွေ ဦးဆောင်တဲ့အဖွဲ့ပီပီ ခြေတံ၊ လက်တံရှည်ရှည်၊ အာသွက်လျှာသွက်နဲ့ ငွေကြေးစုဆောင်းနိုင်တဲ့ အဖွဲ့တစ်ဖွဲ့လည်းဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုကွန်ဂရက်လွှတ်တော်အပါအဝင် နိုင်ငံတကာမျက်နှာစာက အစိုးရမဟုတ်တဲ့ အသင်းအဖွဲ့တွေ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့လည်း အချိတ်အဆက်မိမိ ကူးလူးဆက်သွယ်နေတဲ့အတွက် ရပေါက်ရလမ်းမှန်သမျှကို လက်ဝါးကြီးအုပ်နိုင်ခဲ့တဲ့သူတွေပါ။

အင်္ဂလိပ်မျက်နှာဖြူ လူရည်လည်တွေဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ဗန်းပြလို့တစ်မျိုး၊ ပုဂ္ဂိုလ်ရေးပွဲထုတ်လို့ တစ်သွယ်၊ လူမျိုးရေးပြဿနာတွေကို ရှေ့တန်းတင်လို့ တစ်နည်းနဲ့ အမည်နာမ အမျိုးမျိုး တပ်ထားတဲ့ ဂိုဏ်းဂဏပေါင်းစုံကို ထူထောင်ပြီး ကမ္ဘာအနှံ့ အလှူခံစားတဲ့အလုပ်ကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အကျိုးဆောင်လုပ်ငန်းလို့ ထင်နေကြပုံရတယ်။

ဒီနေရာမှာ ပြောချင်တာလေးတစ်ခုက

တချို့သော စေတနာရှင်၊ အလှူရှင်တွေနဲ့ NGO အဖွဲ့အစည်းတွေရဲ့ အရင်းခံ ရည်ရွယ်ချက်တွေဟာ လူနဲ့ လူ့လောကဆိုင်ရာ အကျိုးစီးပွားတွေအတွက် မွန်မြတ်သန့်စင်လှပါတယ်။ ဒါပေမယ့် အလှမ်းကျယ်လှတဲ့ နယ်ချဲ့သူလျှိုတွေရဲ့ ပါးနပ်ကောက်ကျစ်တဲ့ လှည့်စားချက်တွေကြောင့် အမှန်တကယ် စားရမဲ့၊ သောက်ရမဲ့ဘဝ ရောက်နေပြီး ဝေဒနာမျိုးစုံ ခံစားနေရတဲ့နိုင်ငံတွေ၊ ပြည်တွင်းစစ်ဘေးစစ်ဒဏ်သင့်နေတဲ့ စစ်မီးလျှံတွေကြားက ဒုက္ခဆင်းရဲခံစားနေရသူတွေ၊ လူမမည်တွေ၊ သက်ကြီးရွယ်အိုတွေဆီကို အဲဒီလို မွန်မြတ်သန့်စင်တဲ့ စေတနာသဒ္ဓါတရားတွေ မရောက်ရှိခဲ့ရှာဘူး။ ဝမ်းနည်းစရာပါပဲ။

တကယ်တော့

ဒုက္ခသည် ထောက်ပံ့ကြေးဆိုတာဟာ အမှန်တကယ် ကပ်ဆိုက်ပြီး ဆင်းရဲဒုက္ခကြုံတွေ့နေရတဲ့ ဝေပြတ်မှုဒဏ် ခံစားနေရသူတွေကို လူသားချင်းစာနာစိတ်နဲ့ ဖြူဖြူစင်စင် ထောက်ပံ့ပေးကမ်း ကောင်းမှုပြုလုပ်ခြင်း မဟုတ်ဘူးလား။ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ ပြဿနာတွေ၊ စားပေါက်ထွင်မှုတွေ၊ စားကျက်အသစ်ရှာဖွေလိုမှုတွေအရ မြန်မာနိုင်ငံက ထွက်ပြေးတိမ်းရှောင်သူ အကြမ်းဖက်သမား ပြည်ပြေး၊ ဝရမ်းပြေးများကို အသက်ဆက်ပေးတာမျိုး မဖြစ်သင့်ပါဘူး။

မြန်မာနိုင်ငံထဲကနေ အကြောင်းအမျိုးမျိုးနဲ့ ထွက်ပြေးတိမ်းရှောင်ပြီး ဒုက္ခသည်အမည်ခံနေသူတွေဟာ မိသားစုတစ်စုလုံး သားစဉ်မြေးဆက် ဘာအလုပ်မှ မည်မည်ရရ လုပ်စရာ မလိုလောက်အောင် ခါးလှ၊ ဝမ်းဝ၊ နှောင်ရေးစိတ်ချရတဲ့ အခြေအနေမျိုးဖြစ်နေမှတော့ အဲဒီလူတွေကို ဒုက္ခသည်လို့ ခေါ်ထိုက်ရဲ့လား။

ဆန့်ကျင်လှုံ့ဆော်ဝါဒဖြန့်မှုတွေကနေတစ်ဆင့် သံရုံးရှေ့ဆန္ဒပြမှုတွေ၊ အဲဒီကနေတစ်ဆင့် သံရုံးခြံစည်းရိုး ကျော်တက်တာတွေ၊ သံရုံးကို စီးနင်းတိုက်ခိုက်လုယက်အကြမ်းဖက်တာမျိုးတွေအထိ အတင့်ရဲလာတဲ့ လုပ်ရပ်တွေကိုရော ဒီမိုကရေစီလှုပ်ရှားမှုလို့ ခေါ်ထိုက်ပါရဲ့လား။

သန်းပေါင်း ၅၀ ကျော် မြန်မာပြည်သူပြည်သားအပေါင်းရဲ့ မြန်မာနိုင်ငံအတွင်းက ပကတိသရုပ်မှန် လူနေမှုဘဝပေါင်းစုံကို မျက်ကွယ်ပြုပြီး ရာဇဝတ်မှုကျူးလွန်ခဲ့လို့ ထွက်ပြေး... လောက်သာရှိတဲ့ ဝရမ်းပြေး၊ ပြည်ပြေးပေါင်းစုံကို ရက်ရက်ရောရော ပေးကမ်းထောက်ပံ့နေမှုတွေကိုရော ဒီမိုကရေစီရှင်သန်ထွန်းကားရေးအတွက် အားပေးကူညီမှုလို့ ဆိုထိုက်ပါရဲ့လား။

နောက်ထပ်စိတ်ဝင်စားစရာ တစ်ချက်က NED ရဲ့ Network ထဲမှာ ပါဝင်ပြီး NED နဲ့ အခြားအဖွဲ့အစည်းတွေက ခွဲဝေထောက်ပံ့တဲ့ ငွေကြေးတွေကို သုံးစွဲပြီး ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်က ဒီမိုကရေစီ အမည်ခံပါတီတွေကို သူတို့နဲ့ သက်ဆိုင်ရာ နိုင်ငံတွေမှာ အစိုးရဖြစ်လာစေရေးအတွက် စီမံကိန်းတွေချမှတ်ရေးဆွဲ ပူးပေါင်းဆောင်ရွက် အထောက်အပံ့ပြုနေတဲ့ အဖွဲ့တစ်ဖွဲ့ရှိသေးတယ်။ National Democratic Institute (NDI) အဖွဲ့။

အဲဒီ NDIအဖွဲ့ဟာ **ဒေါ်စုကြည်**ဦးဆောင်တဲ့ NLD ပါတီနဲ့ ပြည်ပြေးစိန်ဝင်း ခေါင်းဆောင်တဲ့ NCGUB အဖွဲ့တွေရဲ့ ဒီမိုကရေစီအမည်ခံလှုပ်ရှားမှုတွေကို ပိုမိုအားကောင်းလာစေဖို့နဲ့ တိုင်းရင်းသားလူမျိုးစုတွေ အပါအဝင် အခြားမြေပေါ် မြေအောက်နိုင်ငံရေးအဖွဲ့အစည်းတွေကပါ အဲဒီလှုပ်ရှားမှုကို ထောက်ခံမှု ပိုမိုရရှိလာဖို့အတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်။

၁၉၉၅ ခုနှစ် **ဒေါ်စုကြည်**ကို တားဆီးမိန့်ရုပ်သိမ်းပြီး မကြာခင်မှာပဲ NDIက ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ဟာ ရန်ကုန်ကို ရောက်လာပြီး တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ကြတယ်။ အဲဒီနောက် မြန်မာနိုင်ငံမှာ ဒီမိုကရေစီအစိုးရပေါ်ပေါက်ရေးဆိုတဲ့ အကြောင်းပြချက်နဲ့ NDIက နည်းလမ်းတွေရှာကြံပြီး အကူအညီပေးရေး အစီအစဉ်တွေကို ရေးဆွဲအကောင်အထည်ဖော်နေလေရဲ့။

အဲဒီ အစီအစဉ်တွေအရ စိန်ဝင်းရဲ့ ပြည်ပြေးဂိုဏ်းတွေ၊ ပြည်ပရောက် ဒီမိုကရေစီအင်အားစုအမည်ခံ ပြည်ပြေးလက်သစ် ဝရမ်းပြေးဂိုဏ်းသားတွေနဲ့ ပြည်တွင်းမှာရှိတဲ့ **ဒေါ်စုကြည်**ရဲ့ ပါတီအကြား ဆက်သွယ်ရေးလမ်းကြောင်း ပိုမိုကောင်းမွန်လာအောင် နည်းမျိုးစုံနဲ့ အကူအညီပေးနေပါတယ်။ လိုအပ်လာလျှင် သံရုံးအကာအကွယ်နဲ့တောင် ဆောင်ရွက်လေ့ရှိပါတယ်။ NDIအဖွဲ့ရဲ့ အကြံပေး ပုဂ္ဂိုလ်တွေထဲမှာ အရေးအခင်းကာလ ကြားဖြတ်အစိုးရ အခါတော်ပေးဆရာကြီး Stephen J.Solaz နဲ့ ဆီးနိတ်တာ Daniel Patrick Moynihan တို့ ပါနေတယ်။ အဲဒီ ပုဂ္ဂိုလ်နှစ်ယောက်စလုံးဟာ မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းကို လက်ရဲဇက်ရဲ ဝင်ရောက်ပြုပြင်ဖို့ ကြိုးစားခဲ့သူတွေ။

အဲဒီပုဂ္ဂိုလ်တွေရဲ့ အကြံဉာဏ်တွေ၊ အခါတော်ပေးချက်တွေဟာ **ဒေါ်စုကြည်** အပေါ်၊ **ဒေါ်စုကြည်** ကတစ်ဆင့် NLDပါတီအပေါ် ဘယ်လောက်အထိ စူးနစ်နေသလဲဆိုတာတော့ ကာယကံရှင်တွေပဲ အသိဆုံးဖြစ်ပါလိမ့်မယ်။ အမေရိကန်ရောက် ပြည်ပြေးစိန်ဝင်းအနေနဲ့ မြန်မာပြည်ဖျက်ဆီးရေး စီမံကိန်းအမျိုးမျိုးကို ဦးဆောင်ဦးရွက်ပြုနေသလို သျှောင်နောက်ဆံထုံးပါဘဝနဲ့ ပြည်ပြေးအဖြစ်ခံယူသွားတဲ့ စိန်ဝင်းရဲ့ဇနီး **စီစီသွယ်** ကလည်း မောင်တစ်ထမ်း၊ မယ်တစ်ရွက်သဘောနဲ့ ဘာလုပ်တယ်မှတ်လဲ။

အမေရိကန်ပြည်ထောင်စုကို ပြည်ပြေးအဖြစ်နဲ့ ရောက်ပြီးနောက် စတိုးဆိုင်တစ်ခုမှာ နာရီစားနဲ့ အလုပ်ဝင်လုပ်တယ်။ နာရီစားနဲ့ လုပ်ရတဲ့အလုပ်က မန်နေဂျာတို့၊ စာရင်းကိုင်တို့၊ အရောင်းမြှင့်တင်ရေးတာဝန်ခံတို့ မဟုတ်ဘူး။ စတိုးဆိုင်အတွက် ငွေရှင်းကောင်တာမှာ ဝယ်လာတဲ့ ပစ္စည်းတွေကို ချိန်တွယ်စစ်ဆေးပြီး ဈေးနှုန်းတွက်ပြီး ငွေရှင်းပေးရတဲ့အလုပ်။ ရာထူးအနေနဲ့ဆိုရင်တော့ "အရောင်းစာရေး" ပါပဲ။

အဲဒီ မရွှေချော **စီစီသွယ်**က စတိုးဆိုင်ဈေးဝယ်လာသူတွေထဲမှာ မြန်မာရုပ်ပေါက်တဲ့လူ တွေ့ပြီဟေ့ဆိုတာနဲ့ သူ့ကိုယ်သူ မြန်မာပြည်က ဝန်ကြီးချုပ်ကတော်ပါလို့ အင်္ဂလိပ်လို မိတ်ဆက်စကားပြောပြီး စည်းရုံးရေးဆင်းတာတို့၊ အလှူငွေကောက်ခံတာတို့ လုပ်ဆောင်ရင်း ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအကျိုး တစ်တပ်တစ်အား သယ်ပိုးနေလေရဲ့။ ပြည်ပြေး ဝန်ကြီးချုပ်ကတော် ပီပီ မြန်မာသံရုံးရှေ့ ဆန္ဒပြပွဲတွေမှာ နေ့စားစရိတ်ယူပြီး ဆန္ဒပြစားကြတဲ့သူတွေ အထင်ကြီးအောင် သံရုံးခြံစည်းရိုးကျော်ခွဝင်ဖို့ လုပ်ပြတာကြောင့် ပုလိပ်အဖမ်းခံရတဲ့အထိ ဖြစ်ခဲ့သေးတယ်။

ဒီကနေ့ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ဩစတြေးလျ၊ ထိုင်း အစရှိတဲ့ နိုင်ငံတွေမှာ ရောက်ရှိနေကြတဲ့ မြန်မာပြည်ပြေးပေါင်းစုံတို့ဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးလှုပ်ရှားမှုကို ဗန်းပြပြီး တည်ဆဲမြန်မာအစိုးရနဲ့ မြန်မာပြည်သူတွေ ဂုဏ်သိက္ခာကျဆင်းအောင်၊ စီးပွားရေးအရ အကျပ်အတည်းတွေ့အောင် နည်းမျိုးစုံနဲ့ ကဖျက်ယဖျက် လုပ်နေကြသလို သူတို့စားပေါက်ချောင်ဖို့၊ အခွင့်အလမ်းမှန်သမျှကိုလည်း လက်လွှတ်မခံဘဲ နဖားကြိုးထိုးမှန်း သိသိကြီးနဲ့ စေတဲ့ကျွန်၊ ထွန်းတဲ့နွားနဲ့မခြား လုပ်ကိုင်စားသောက်နေကြတယ်ဆိုတာ ဘယ်သူမှငြင်းမရပါဘူး။

အဲဒီတော့

ပြည်နှာမှ ငွေရှာကောင်းသူများဆိုတာ ဘယ်သူတွေလဲလို့ ပြောပြစရာလိုပါဦးမလား။ ။

စာရင်းကိုင်သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ စာရင်းကိုင်များအသင်းမှ နိုင်ငံအနှံ့ စာရင်းပညာ ပြန့်ပွားတိုးတက်ရေးကိုရည်ရွယ်၍ ဖွင့်လှစ်သင်ကြားလျက်ရှိသော (၁၉၇)ကြိမ်မြောက် စာရင်းရေးပညာသင်တန်း၊ (၁၃၂)ကြိမ်မြောက် အခြေခံစာရင်းကိုင်သင်တန်း၊(၆၄)ကြိမ်မြောက် အထက်တန်းစာရင်းကိုင် သင်တန်းများကို တက်ရောက်လိုသူများသည် အမှတ် (၉၁၊၉၃) ၄၉လမ်း(မြေညီထပ်) အသင်းရုံးခန်း ပုဇွန်တောင်မြို့နယ် ဖုန်း–၂၉၁၈၂၆သို့ ဆက်သွယ်စုံစမ်း စာရင်းသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

အလှပြင် ကုသပေးမည်

ရန်ကုန် ဩဂုတ် ၁၁

လီလီအလှပြင်ဆိုင်မှ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မျက်ခုံးထိုးပြီး ပုံစံမကျဖြစ်နေခြင်း၊ အရောင်မကောင်းခြင်းတို့ကို ပြန်လည်ပြုပြင်ရန် နောက်ဆုံးပေါ် စက်ပစ္စည်းများဖြင့် ပြုပြင်ပေးနေသည့်အပြင် ဆံပင်ပုံစံမကျခြင်း၊ ဆံပင်ဖြောင့်ပြီး ပျက်စီးနေသော ဆံပင်ပုံစံများကို အစွမ်းထက်ဆေးဝါးများဖြင့် ပြုပြင်ပေးသည်။

မျက်နှာပေါ်မှ မှဲ့၊ တင်းတိပ်၊ အဆီချပေးခြင်း တစ်ကြိမ်အဆီချပေးလျှင် ငါးပေါင်မှ ဆယ်ပေါင်အထိကျသည်။ အမျိုးသမီးရောဂါများအတွက် အထူးစီမံဖော်စပ်ထားသော တိုင်းရင်းဆေးများဖြင့် စမ်းသပ်ကုသပေးခြင်း၊ ဝက်ခြံကို အာမခံကုသပေးခြင်းတို့ကို ဝါရင့်ကျွမ်းကျင်အလှပြင်ဆရာမကြီးများကိုယ်တိုင် လီလီမှ တာဝန်ယူဆောင်ရွက်ပေးနေသည်။ စိတ်ဝင်စားသူများသည် အမှတ် (၁၄) ဘုန်းကြီးလမ်း(အောက်ဘလောက်)၊ လမ်းမတော်မြို့နယ် ဖုန်း–၂၁၁၁၂၆၊ ၂၂၆၉၂၁နှင့် ၀၉၅၀၂၀၄၈၅၊ ယုဇနပလာဇာ (အေ–၃၀)၊ တတိယထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂–၈–၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဥပဒေပညာ) (ခ)ပထမနှစ်(မြန်မာမှုပညာ)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဏ္ဏဝါချစ်သူ (အပိုင်း–၁၆)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိမှတ်တမ်း အပိုင်း(၇) (ဆရာတော်ကြီး၏ စေတနာ လူငယ်တွေအတွက် ဗုဒ္ဓဘာသာ)**
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား (အပိုင်း–၄၂) (ဇာတ်သိမ်းပိုင်း)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

☆ **ရှေ့ဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဩဂုတ် ၈ရက် နံနက်ပိုင်းတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ကော့ကရိတ်မြို့နယ်မြေခံတပ်ရင်း ဗန္ဓုလခန်းမ၌ ကော့ကရိတ် တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းဆွေးနွေးမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လက်ပန်ကျေးရွာ လက်ပန်ကွင်းမှ တောင်သူဦးမောင်ဝင်း၏ လယ်မြေ၌ ကျင်းပသည့် ၂၀၀၃ ခုနှစ် မော်လမြိုင်ခရိုင် ခရိုင်လုံးကျွတ်ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားသို့တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ သီးနှံဖျက်ပိုးမွှားကာကွယ်ရေးဆိုင်ရာ ဆေးဝါးများ၊ မြေသြဇာနှင့် မျိုးစေ့များ၊ ဒေသထွက် သဘာဝမြေသြဇာများ၊ အီးအမ်ဘိုကာရှိ အသုံးပြုမှု အခြေအနေများ ပြသထားမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ငါးမျိုးထည့်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့သည် ကောက်စိုက်လုံမေများ စပါးထွန်တုံးပိတ် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဂုဏ်ပြုငွေများကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အယ်လ်စီစီ (စပါးရွက်အရောင်တိုင်းကတ်) အသုံးပြု၍ ပုလဲမြေသြဇာ ထည့်သွင်းရေး စမ်းသပ်ပြသမှုကို လည်းကောင်း၊ ဓာတ်မြေသြဇာနှင့် ဒေသထွက် မြေသြဇာများ ပေါင်းစပ်သုံးစွဲကြပက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် လယ်မြေစိုက်ကွင်းအတွင်း ငါးမျိုးများကို ထည့်သွင်းမွေးမြူပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်က မော်လမြိုင်ခရိုင်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခေတ်မီ စိုက်ပျိုးရေး နည်းပညာများ ဆန်းသစ် အသုံးပြုလာသည့်နှင့်အမျှ ခွန်အားနှင့် ဝီရိယစိုက်လျှင် စိုက်သကဲ့သို့ တောင်သူများပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများကလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သီးနှံအထွက်တိုးအောင် မျိုးကောင်းမျိုးသန့်များ အသုံးပြု၍ စိုက်ဧကတိုးချဲ့ကာ ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ စက်ယန္တရားများ အသုံးပြုဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်က အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်က ၂၀၀၃ ခုနှစ် မော်လမြိုင်ခရိုင်၏ ရေတော်မိုးတော် မိုးစပါး ထွန်တုံးပိတ် ကိန်းဂဏန်းအထောက်အထားများကို တိုင်းမှူးထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မော်လမြိုင်ခရိုင်၏ ၂၀၀၂–၂၀၀၃ ခုနှစ် လယ်ယာကဏ္ဍ ဘက်စုံထူးချွန်ဆုရ မုဒုံမြို့နယ်အတွက် ဘက်စုံထူးချွန်ဆုကို မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ညွန့်သို့လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ကျိုက်မရောမြို့နယ်အတွင်း လယ်ယာကဏ္ဍဘက်စုံထူးချွန်ဆုရ လက်ပန်ကျေးရွာအတွက် ဂုဏ်ပြုဆုကို လက်ပန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းသို့ လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

စိုက်ပျိုးပြီးစီး

ဆက်လက်၍ တက်ရောက်လာကြသည့် ဒေသခံတောင်သူများ၏ တင်ပြဆွေးနွေးချက်အပေါ် ဌာနဆိုင်ရာများက ရှင်းလင်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ မော်လမြိုင်ခရိုင်ရှိ မြို့နယ်ခြောက်မြို့နယ် ကျေးရွာ ၂၁၃ ခုတွင် ရေတော်မိုးတော် မိုးစပါးစိုက်ဧက ၂၃၂၇၈၀ လျာထားသည့်အနက် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့သည် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးသို့သွားရောက်၍ ဘုရားကြီးဘက်စုံမွမ်းမံ တည်ဆောက်ရေး ဆောင်ရွက်ထားရှိမှု၊ မြန်မာမှုပန်းကနုတ်များ၊ အတွင်းတိုင်ပြုပြင်မွမ်းမံမှုများနှင့် ဂန္ဓကုဋိပြင်ဆင်မှုများ၊ မီးတပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆုတောင်းပြည့်ဘုရားကြီး ဘက်စုံမွမ်းမံ တည်ဆောက်ရေး အလှူခံဌာန၌ ဘက်စုံတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းလင်းက ဆုတောင်းပြည့်ဘုရားကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာဦးကျော်ဝင်းကဘုံပြာသာဒ်ပြင်ဆင်ရေး၊ ဂန္ဓကုဋိ၊ အပြင်ဘက်နံရံအဆိုပြုပုံစံများနှင့် ဂန္ဓကုဋိအဝင်တံခါးမကြီးပုံစံတို့ကိုလည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးစိုးသိက ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် ပံ့ပိုးရန်လိုအပ်သည်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရေးမူမပျက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေးအတွက် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တာဝန်ရှိသူများ၊ အထူးကု ဆရာဝန်ကြီးများနှင့် ဆေးရုံဝန်ထမ်းများက ကြိုဆိုကြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့သည် အထူးကု ဆရာဝန်ကြီးများက လူနာများအား ကျန်းမာရေး စစ်ဆေးကုသပေးနေမှုများကို လှည့်လည် ကြည့်ရှုအားပေး၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အဘိုးအဘွားများအား မျက်မှန်၊ လက်ဆောင်ပစ္စည်းနှင့်ထောက်ပံ့ငွေများကို ဂါရဝပြုပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျန်းမာရေးဆိုင်ရာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်နှင့် မြန်မာ ပီ၊ ဂျီ၊ အေ (Myanmar PGA) တို့က ကြီးမှူး၍ ၂၀၀၃ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာလမှစတင်၍ မြန်မာနိုင်ငံ မြို့ကြီးလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြန်မာ ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် Kaung Myat Golf Open Championship ကို စက်တင်ဘာ ၄ရက်မှ ၇ရက်အထိ မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် Mandalay Open Golf Championship ကို အောက်တိုဘာ ၁၆ရက်မှ ၁၉ရက်အထိ မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် Kanbawza Open Golf Championship ကို နိုဝင်ဘာ ၄ရက်မှ ၇ရက်အထိ တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌လည်းကောင်း၊ စတုတ္ထပွဲစဉ်အဖြစ် Myanmar PGA and Myanmar Golf Federation President Cup ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ရက်မှ ၂၈ ရက်အထိ ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌လည်းကောင်း၊ ပဉ္စမပွဲစဉ်အဖြစ် ဒီဇင်ဘာ ၉ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဆုများထိုက်ထိုက်တန်တန် ချီးမြှင့်ကြမည်ဖြစ်သည်။

ပံ့ပိုးကူညီမည်

ယင်းပြိုင်ပွဲများကို Rothmans of Pall Mall Myanmar Pte,. Ltd. က အဓိက ကူညီပံ့ပိုးကြပြီး Co-Sponsors များအဖြစ် K.M Golf Centre က လည်းကောင်း၊ Air Mandalay ကလည်းကောင်း၊ Grand Slam (Munsing Wear) ကလည်းကောင်း၊ Cannon ကလည်းကောင်း၊ Wilson ကလည်းကောင်း၊ UPG ကလည်းကောင်း၊ Hole- In-One ဆုကို Sun Far Travel And Tour ကလည်းကောင်း အသီးသီးထပ်မံ၍ ပံ့ပိုးကူညီကြမည်ဖြစ်သည်။

ထိုဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲကြမည့် ဂေါက်သီးရိုက်အားကစားသမားများ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ထားကြရန် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA တို့က နှိုးဆော်ထားသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသော ဆယ်ကျော်သက်ရွယ် မျိုးဆက်ပွား ကျန်းမာရေးစီမံချက်၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် သက်ရွယ်ဆင့်တူလူငယ်များ ပညာပေးဆွေးနွေးပွဲအစီအစဉ် ဖွင့်ပွဲအခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



သက်ရွယ်ဆင့်တူလူငယ်များ ပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့ ပူးပေါင်းကျင်းပသော ဆယ်ကျော်သက်ရွယ်မျိုးဆက်ပွားကျန်းမာရေး စီမံချက်၏ လုပ်ငန်းစဉ်ဖြစ်သည့် သက်ရွယ်ဆင့်တူ လူငယ်များ ပညာပေးဆွေးနွေးပွဲ (Peer Educators Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ကြီးကြပ်ကော်မတီနာယကများ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် ကော်မတီဝင်များ၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့မှ လက်ထောက် ဌာနေကိုယ်စားလှယ် ဒေါ်ခင်မမအေးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ပညာပေးလေ့ကျင့်ရေးစခန်းဆင်း လူငယ်လူရွယ်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါ်ခင်မမအေးက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆွေးနွေးပွဲကို ကျင်းပရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် အထူးအစီအစဉ်နှင့် ပတ်သက်သည့် အကြောင်းအရာကို ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါ်ခင်မမအေးက လည်းကောင်း၊ ဆယ်ကျော်သက်ရွယ်မျိုးဆက်ပွား ကျန်းမာရေးစီမံချက် နည်းဗျူဟာများအကြောင်းကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်ဦးက လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသည့် လူငယ်လူရွယ် ကိုယ်စားလှယ်များက အုပ်စုအလိုက် ဆွေးနွေးကြကာ ဆွေးနွေးပွဲအစီအစဉ်များကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆွေးနွေးပွဲကို ဩဂုတ် ၁၂ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဓနုတိုင်းရင်းသားမိသားစု ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့တွင် ဝါကပ်တော်မူကြသော ဓနုတိုင်းရင်းသား သံဃာတော်အရှင်မြတ် အပါး ၁၀၀ကျော်တို့အား ဩဂုတ် ၂၄ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်တွင် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပြီး နေ့ဆွမ်းဆက်ကပ်မည်ဖြစ်၍ အသင်းသူ၊ အသင်းသားများနှင့် မိသားစုဝင်များ သိုက်သိုက်ဝန်းဝန်း ကြွရောက်ကြည်ညိုသဒ္ဓါတရားပွားများနိုင်ရန် တရားနာဖိတ်ကြားထားသည်။ (က–ပ)

12-8)KM.P65 7 8/12/03, 1:14 AM

ရန်ကုန်တိုင်းအတွင်း မိုးစပါးဧက ၁၁သိန်းကျော် စိုက်ပျိုးရန်လျာထား ရေကြီးရေနက်ကွင်းစပါးများ အချိန်နှင့်တစ်ပြေးညီပြီးစီးရန် စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေကျော်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်သို့သွားရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ တောင်သူလယ်သမားကြီးများအား တွေ့ဆုံပြီး စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ကြိုဆို

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မွန်းလွဲ ၂နာရီတွင် လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိရာ အင်းတိုင်တပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ်တို့မှ တပ်နယ်မှူးများ၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးမြတ်သူ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံမတူနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အမှာစကားပြောကြား

ထို့နောက် လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မနောသုခခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တောင်သူလယ်သမားကြီးများနှင့် တွေ့ဆုံ၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်အပင်များ ၁၂လရာသီ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အခါသည် မိုးစပါးစိုက်ပျိုးရာသီဖြစ်သဖြင့် ရန်ကုန်တိုင်းအတွင်း မိုးစပါးဧက ၁၁၆၈၀၀၀ဧက စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားကြောင်း၊ ရန်ကုန်တိုင်းအတွင်း ရေတော် မိုးတော် မိုးစပါး တိုင်းလုံးကျွတ်ကွင်းပိတ်နိုင်ခဲ့ပြီး ယနေ့အထိ မိုးစပါးစိုက်ပျိုးပြီးဧကမှာ ၁၁၃၇၁၂၉ဧက ဖြစ်ကြောင်း၊ ကျန်ရှိသည့် ရေကြီးကွင်း၊ ရေနက်ကွင်း စပါးများကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိုးစပါးကို စိုက်ချိန်စော စိုက်ပျိုးမှသာ ရိတ်သိမ်းချိန်စောပြီး ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် နွေစပါးများကို အချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးရာတွင် အောင်ရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ ရေသွင်းရေနုတ်မြောင်းများ၊ ချောင်းပိတ် မြောင်းပိတ်နည်းများ၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများနှင့် ကြိုတင်စီမံဆောင်ရွက်ထားကြောင်း၊ နွေစပါးစိုက်ပျိုးရန် အောင်ရေခက်ခဲသည့် လယ်မြေများတွင် ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်များကို မြေကွက်လပ်မကျန် စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ဒေသခံ တောင်သူလယ်သမားကြီးများက တစ်နှစ် တစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစား အထိ စိုက်ပျိုးကြရေး လှုံ့ဆော်စိုက်ရမည်ဖြစ်ကြောင်း၊ စပါးကို တစ်မိုး နှစ်သီး၊ မတ်ပဲ (သို့မဟုတ်) ပဲတီစိမ်း တစ်သီးနှင့် မိုးစပါး၊ ပဲ၊ နွေစပါး စသည့်နည်းများဖြင့် တစ်နှစ်သုံးသီးစား နည်းစနစ်များဖြင့် စတင်စိုက်ပျိုးနေပြီ ဖြစ်ကြောင်း၊ ဒေသခံ တောင်သူလယ်သမားကြီးများက တစ်နှစ် သုံးသီးစား စနစ်ဖြင့် အောင်မြင်စွာ စိုက်ပျိုးသွားပါက စီးပွားရေး တွက်ခြေကိုက်ပြီး ဝင်ငွေတိုးပွားကာ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ တောင်သူလယ်သမားကြီးများ တက်ညီလက်ညီ ပူးပေါင်းပြီး ရန်ကုန်တိုင်းအတွင်း မိုးစပါး၊ နွေစပါး ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်များကို တစ်နှစ်ပတ်လုံး မြေကွက်လပ်မကျန် စိုက်ပျိုးကြရေး ကြိုးပမ်းအားထုတ်သွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံမတူက ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ရေကြီးကွင်း ရေနက်ကွင်း စပါးများ စိုက်ချိန်စောစိုက်ပျိုးပြီးစီးနိုင်ရေး စီစဉ်ထားရှိမှု၊ ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက လှည်းကူးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ရန်ကုန်တိုင်း အတွင်းရှိ ဆည်များနှင့် ပင်မရေမြောင်းကြီးများ အခြေအနေနှင့် ရေသွင်း ရေနုတ်မြောင်းကြီးများ အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်အပင်များ စိုက်ပျိုး၍ ၁၂လရာသီ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးအောင်ဆန်းက မိုးစပါးအထွက်တိုးရေးအတွက် ကောက်ပင်ဖာခြင်းလုပ်ငန်းများ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ပေါင်းစပ်အသုံးပြုရေး၊ စိုက်စနစ် မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်သုံးရေး၊ ရေတော်မိုးတော် ပိုမိုတိုးတက်စိုက်ပျိုးရေး နည်းလမ်းလေးသွယ် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူး ဆားတလင်းကျေးရွာ လမ်းဘေးဝဲယာရှိ စပါးခင်းများ အခြေအနေများကိုလည်းကောင်း၊ ယင်းလမ်းပေါ်ရှိ ငမိုးရိပ်ဆည် လက်ဝဲမြောင်း လက်တံ အမှတ် (၂) မြောင်းပြုပြင်ရမည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၂) လမ်းမကြီးပေါ်ရှိ ရှမ်းတဲကြီးကျေးရွာအနီး ဇလုပ်ကြီးရေကျော်ချောင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် အမှတ်(၇) လမ်းမကြီးသို့ ရောက်ရှိပြီး အမှတ်(၇) လမ်းမကြီးမှ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် အမှတ်(၇) လမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ/ယာ စပါးခင်းများ အခြေအနေများနှင့် စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဓနသိဒ္ဓိ စိုက်ကွင်းအတွင်း မိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးရာ တိုင်းစက်မှုလယ်ယာဦးစီးဌာနမှူး ဦးခွန်အေးနိုင်က ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် အမှတ်(၇) လမ်းမကြီးဘေး ဝဲ/ယာ၌ ဆည်မြောင်း ဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် ရေသွင်းရေနုတ်မြောင်းကြီးများ တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှတ် (၇)လမ်းမကြီး ဘေး ဝဲ၊ ယာ စပါးခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁၁

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြသည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနက အမှူးပြု၍ စာချစာသင် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့်အစား ဩဂုတ် ၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညို ပူဇော်နိုင်ရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကျောင်းတိုက် ဆရာတော်ထံတွင်ဖြစ်စေ၊ ဦးမောင်မောင် ဖုန်း-၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း-၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း-၂၈၇၅၇၆၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း-၂၈၀၆၄၀၊ ဦးကံဦး ဖုန်း- ၆၆၆၉၂၃တို့နှင့် နီးစပ်ရာ အမှုဆောင်များထံသို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ICT Award ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

IT နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)က ကြီးမှူး၍ ICT Award ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှိုင်ဝင်း၊ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင် ဦးအောင်မြင့်နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေတို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ထုတ်ပြန်ကြေညာမည်

ပြိုင်ပွဲတွင် IT ပညာရှင် ၂၃ဦးတို့က မိမိတို့ ပြုလုပ်ထားသော Project များကို ထုတ်ဖော်ပြသ၍ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်သိန်းနှင့် ဦးတင်ဝင်းအောင်၊ အတွင်းရေးမှူး ဦးသောင်းတင်နှင့် ဦးအောင်ဇော်မြင့်တို့ ဦးဆောင်ပါဝင်သည့် အကဲဖြတ်အဖွဲ့က စိစစ်ရွေးချယ်ကြသည်။ ပြိုင်ပွဲတွင် အနိုင်ရရှိသူများ စာရင်းကို မကြာမီ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ပြုလုပ်သည့် ICT Award ပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှိုင်ဝင်းတို့ ကြည့်ရှုအားပေးကြစဉ်။ (က-ပ)

မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဩဂုတ် ၁၁

ဗဟန်းမြို့နယ် အမှတ် (၁၆) သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ (၃၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးပွဲကို ဩဂုတ် ၃၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ရန်နှင့် အကြံပြုလွှာများ ပေးပို့လိုပါက ဩဂုတ် ၁၆ရက်နောက်ဆုံးထား ပေးပို့နိုင်ကြောင်းသိရသည်။ (က-ပ)

သဲအင်းဂူ ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ သမထဝိပဿနာတရားတော်များကို ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)အရှင်သူမြတ်က ဩဂုတ် ၁၈ရက်မှ ၂၄ ရက်ထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဩဂုတ် ၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားနှင့် တကွ လာရောက်စာရင်းပေးသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

✧ **နှစ်ပေါင်း ၁၂၀ ကျော်မှ** ကိုလည်း ကမ္ဘာအနှံ့အပြား၌ တွေ့ရှိလာကြရပြီဖြစ်၍ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြရပြီဖြစ်သည်။ ၎င်းတို့မှာ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာ အနှံ့အပြား၌ ရှင်သန်ကျက်စား နေထိုင်ကြသော "ပင်လယ်လိပ်များ"ပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိရာ ၎င်းတို့မှာ (၁)လိပ်စောင်းလျား(Leatherback)၊ (၂) လိပ်ကြက်တူရွေး(ခေါ်) လိပ်စွန် (Hawksbill)၊ (၃) ပြင်သာလိပ် (Greenturtle)၊ (၄) လိပ်ခွေး (Loggerhead)၊ (၅) လိပ်လှောင်း (Olive Ridley)၊ (၆)Kemp's Ridleyနှင့် (၇) Flatback Turtle တို့ဖြစ်ကြသည်။ အဆိုပါ ပင်လယ်လိပ်ခုနစ်မျိုးအနက် အမှတ်စဉ်(၁)မှ (၅)အထိဖြစ်သော ပင်လယ်လိပ်ငါးမျိုးတို့မှာ မြန်မာ့ပင်လယ်ပြင်၌လည်း ရှင်သန်နေထိုင်ကြကြောင်း တွေ့ရှိရသည်။

သက်တမ်းရှည်

ပင်လယ်လိပ်မ တစ်ကောင်သည် နှစ် ၃၀ မှ နှစ် ၅၀ အတွင်း ရောက်ရှိလာမှသာ မျိုးပွားရန်အရွယ်ရောက်ပြီး ဥများ စတင်ဥသည်။ တစ်ကြိမ်လျှင် ဥ ၁၀၀မှ ၁၄၀အတွင်း ဥပြီး ရက် ၄၀ မှ ၅၀ အတွင်း အကောင်ကလေးများ ပေါက်လာသည်။ ပင်လယ်လိပ်တစ်ကောင်၏ သက်တမ်းသည် နှောင့်ယှက်သတ်ဖြတ်ခြင်း မခံရဘဲ သက်တမ်းပြည့် နေထိုင်ခွင့်ရမည်ဆိုပါက နှစ်ပေါင်း ၁၂၀ကျော်အထိ သက်တမ်းရှည်ကြသည်ဟုဆိုသည်။

သို့ရာတွင် ပင်လယ်လိပ်တို့၏ ဘဝစက်ဝန်း တစ်လျှောက်တွင်

TAG ပြုလုပ်တပ်ဆင်၍ မှတ်တမ်းတင်ယူပြီးနောက် လိပ်လှောင်းတစ်ကောင်ကို ပင်လယ်ရေပြင်သို့ လွှတ်နေစဉ်။
ဓာတ်ပုံ-(W.C.S)

အနှောင့်အယှက်များက များပြားလှသည်။ လိပ်ဥဘဝတွင် သဲဖြင့်ယက်ဖုံးထားသော ဥကျင်းများကို လူနှင့်တိရစ္ဆာန်များက ဖော်ယူစားသောက်ကြခြင်းကြောင့် ပျက်စီးဆုံးရှုံးကြရပြီး အကောင်ပေါက်ဘဝတွင်မူ လိပ်သောင်မှ ပင်လယ်ပြင်သို့ ဆင်းသွားကြသည့် လိပ်ကလေးထောင်ပေါင်းများစွာမှာလည်း သားစားငှက်များ၊ ငါးကြီးများက စောင့်ဆိုင်းဖမ်းဆီးစားသောက်ကြခြင်းကြောင့် သေကျေပျက်စီးကြရသည်။ လိပ်သောင်မှ ပင်လယ်ပြင်သို့ ဆင်းသက်လာကြသည့် လိပ်ကလေးများ၏ မူလအရေအတွက်ထဲမှ ၂ ရာခိုင်နှုန်းသာလျှင် ၎င်းတို့ကြီးထွားကျက်စားမည့် နေရာ (Feeding Ground) သို့ ရောက်ရှိကြရသည်ဟု သုတေသနမှတ်တမ်းများက ဆိုသည်။ အဆိုပါ လက်ကျန် ၂ ရာခိုင်နှုန်းတို့၏ ရှင်သန်ကြီးထွားမှုနှင့် မျိုးဆက်ပြန့်ပွားမှုတို့သည်လည်း လူသားတို့၏ ပယောဂကြောင့် အကြီးအကျယ်ထိခိုက်ကြရပြီး မူလသဘာဝအရပင် ကြီးထွားရှင်သန်ခဲ့လှသည့် ပင်လယ်လိပ်များမှာ မျိုးသုဉ်းလုဆဲအခြေအနေသို့ ရောက်ရှိသွားကြရသည်။

ဇူလိုင် ၁၅ရက်မှ ၂၀ရက်အတွင်း ကြေးမုံသတင်းအဖွဲ့၏ ဧရာဝတီတိုင်းခရီးစဉ်အတွင်း အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး၏ မှာကြားမှု၊ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး၏ စီစဉ်ပေးမှုဖြင့် ဧရာဝတီတိုင်းအတွင်း ပင်လယ်လိပ်မျိုးများ ထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာခွင့်ရရှိခဲ့ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ လိပ်ပညာရှင်တစ်ဦးဖြစ်သူ ဦးချိုလှအောင် (ဒုတိယဦးစီးဌာနမှူး)နှင့်လည်း တွေ့ဆုံခဲ့ရသည်။

ပင်လယ်လိပ်မျိုးများ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေး အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ပင်လယ်လိပ်မျိုး ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို ဧရာဝတီတိုင်းတွင်ဆောင်ရွက်လျက်ရှိကြောင်း လိပ်ပညာရှင် ဦးချိုလှအောင် (ဒုတိယဦးစီးဌာနမှူး)က ကြေးမုံသတင်းအဖွဲ့အား ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

မျိုးသုဉ်းလာ

ကမ္ဘာနှင့်အဝန်း ပင်လယ်ပြင်များတွင် ကျက်စားလျက်ရှိသော ပင်လယ်လိပ်များမှာ မျိုးစိတ်အလိုက်၊ အရေအတွက်အလိုက် သဘာဝဖောက်ပြန်မှုများနှင့် လူတို့၏ပယောဂများကြောင့် တစ်စတစ်စ မျိုးသုဉ်းပျောက်ကွယ်လာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ပင်လယ်လိပ်မျိုး ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို ဧရာဝတီတိုင်းတွင် ဆောင်ရွက်လျက်ရှိကြောင်း လိပ်ပညာရှင် ဦးချိုလှအောင်က ကြေးမုံသတင်းအဖွဲ့ကို ရှင်းလင်းပြောကြားသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် လိပ်မျိုးပြုန်းတီးမှု ကာကွယ်နိုင်ရန်အတွက် လိပ်များနေထိုင်ကျက်စား၊ သားပေါက်ရာဒေသ ဝန်းကျင်များ၏ သဘာဝအနေအထားများ မပျက်စီးရေး၊ ဒေသအခြေအနေများနှင့် လိုက်လျောညီထွေစွာ လိပ်သားဖောက်စခန်းများ ဖွင့်လှစ်ဆောင်ရွက်ရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ ပြည့်စုံအောင်မြင်မှုများကို အထောက်အကူပြုစေမည့် သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရေးဟူသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကီလိုမီတာ ၂၈၀၀ကျော် ရှည်လျားသော မြန်မာ့ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် ပင်လယ်လိပ်များ တက်ရောက် ဥကျင်းပြုလုပ်နိုင်ရန် ကောင်းသောကျွန်းများ၊ သဲသောင်များ အမြောက်အမြားရှိနေပြီး ပင်လယ်လိပ်များ ရှင်သန်ကျက်စားရန် အလွန်ကောင်းသည့် ပင်လယ်ရေပြင်ပမာဏလည်း ရှိနေသည်။ မြန်မာနိုင်ငံတွင် လိပ်ငါးမျိုးရှင်သန်နေထိုင်သည့်အနက် လိပ်စောင်းလျား (Leatherback)နှင့် လိပ်ကြက်တူရွေး(ခေါ်) လိပ်စွန် (Hawksbill)တို့မှာ အရေအတွက် အထူးလျော့နည်းလာလျက်ရှိသည်။ ၎င်းတို့ကို ဧရာဝတီတိုင်းအတွင်း လုံးဝမတွေ့ရတော့ဘဲ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်အချို့ဒေသများ၌သာ အလွန်ရှားပါးစွာ တွေ့ရှိကြရတော့မည်ဖြစ်သည်။ ကျန်လိပ်များမှာလည်း အရေအတွက်လျော့နည်းကျဆင်းလာခဲ့ရာ မှတ်တမ်းများအရ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကာလနှင့် နှိုင်းယှဉ်လျှင် ၅ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ပြီး ဒေသအလိုက် ထိန်းသိမ်းမှုမရှိပါက မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း သိရသည်။

လိုင်စင်ရပ်ဆိုင်း

မြန်မာနိုင်ငံတွင် ယခင်က လိပ်သောင် လိပ်ဥကောက်လုပ်ငန်းကို လေလံစနစ်ဖြင့် ပုဂ္ဂလိကနှင့် သမဝါယမအသင်းများကို လိုင်စင်ပေးပြီး ဆောင်ရွက်စေခဲ့ရာမှ ၁၉၈၆ခုနှစ်တွင် လိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်းလိုက်ပြီး ပင်လယ်လိပ် ထိန်းသိမ်းရေးလုပ်ငန်းကို ဧရာဝတီတိုင်း ငပုတောမြို့နယ်အတွင်းရှိ သမီးလှကျွန်းတွင် စတင်ဆောင်ရွက်ခဲ့သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် လိပ်မျိုး ထိန်းသိမ်းစောင့်ရှောက်ရေး အတွက် အမိန့်ကြေညာချက်(၂/၉၃)ကို ၁၉၉၃ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သည်။

သဘောတူညီ

မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ရန်အတွက် ၁၉၉၇ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် သဘောတူညီချက် (M.O.U)ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ပင်လယ်လိပ် ထိန်းသိမ်းရေးလုပ်ငန်းများကို သိပ္ပံနည်းကျ တိုးချဲ့လုပ်ဆောင်နိုင်ခဲ့သည်။ ပင်လယ်လိပ်ထိန်းသိမ်းရေးလုပ်ငန်းကို ယခင်က ငပုတောမြို့နယ် သမီးလှကျွန်းတွင် ဆောင်ရွက်နေခဲ့ရာမှ ၁၉၉၇ခု ဒီဇင်ဘာလတွင် ဘိုကလေးမြို့နယ်တွင်ပါ တိုးချဲ့ဆောင်ရွက်ခဲ့သည်။

ကြေးမုံသတင်းအဖွဲ့အနေဖြင့် ဧရာဝတီတိုင်းအတွင်း သတင်း၊ ဓာတ်ပုံများ ရေးသားရိုက်ကူးရေး ရောက်ရှိခဲ့ရာတွင် ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော နေရာနှစ်နေရာအနက် ဘိုကလေးမြို့နယ်မှ တာဝန်ခံ လိပ်ပညာရှင် ဦးချိုလှအောင်နှင့်သာ တွေ့ဆုံမေးမြန်းသတင်းရယူနိုင်ခဲ့ရာ ငပုတောမြို့နယ် သမီးလှကျွန်းသည် ပင်လယ်လိပ်များ တစ်နှစ်ပတ်လုံး တက်ရောက်သည့်နေရာတစ်ခုဖြစ်ကြောင်း၊ ဘိုကလေးမြို့နယ်မှ လိပ်ကျွန်း၊ လိပ်သောင်များမှာမူ ရာသီအလိုက်သာ ပင်လယ်လိပ်များ တက်ရောက်ကြကြောင်း သိရှိခဲ့ရပြီး ဘိုကလေးမြို့နယ်၏ ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်း အစီအစဉ်များကိုသာ အသေးစိတ်လေ့လာမေးမြန်းသိရှိနိုင်ခဲ့သည်။

ဂယက်ကြီး ကျွန်းပေါ်တွင် လိပ်ဥများမှ ပေါက်ဖွားလာသော လိပ်သားပေါက် ကလေးများကို ကြည့်ရှုစစ်ဆေးကြစဉ်။
ဓာတ်ပုံ-(W.C.S)

ထိန်းသိမ်းမှုအစီအစဉ်များ

ဘိုကလေးမြို့နယ်ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များမှာ သဘာဝနှင့် ပြောင်းရွှေ့သားဖောက်ခြင်းလုပ်ငန်းများအဖြစ် လိပ်ကျွန်း၊ လိပ်သောင်များပေါ်သို့ တက်ရောက်ဥချသော လိပ်မကြီးများအန္တရာယ်ကင်းရှင်းစွာ တက်၊ ဆင်းနိုင်ရေးအတွက် စောင့်ရှောက်ခြင်း၊ ဥကျင်းများ ဥချသည့် နေ့အလိုက် ရက်စွဲများဖြင့် မှတ်တိုင်မှတ်တမ်းပြုလုပ်ခြင်း (သဘာဝသားဖောက်ခြင်း)၊ လုံခြုံမှုမရှိသော ဥကျင်းများကို လုံခြုံအောင် စီမံထားသော သားပေါက်ခြံများသို့ ပြောင်းရွှေ့ပြီး မှတ်တိုင် မှတ်တမ်းပြုလုပ်ခြင်း (ပြောင်းရွှေ့ဥကျင်းဖြင့် သားဖောက်ခြင်း)၊ သားပေါက်ကလေးများ ဥကျင်းမှထွက်ပြီး ပင်လယ်ထဲသို့ဆင်းချိန်တွင် အန္တရာယ်ကင်းရှင်း အဆင်ပြေစေရေးအတွက် ဆောင်ရွက်ခြင်း၊ ပစ္စည်းကိရိယာများ ပြည့်စုံစွာရရှိပါက (၁) အခန်းတွင်း အပူချိန်ထိန်းစနစ်ဖြင့် သားဖောက်ခြင်း၊ (၂) Incubator နှင့် အပူချိန်ထိန်းချုပ်စနစ်ဖြင့် သားဖောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဂယက်ကြီးကျွန်း သဲသောင်ပြင်ပေါ်တွင် လိပ်ဥမှ ပေါက်ဖွားလာသော လိပ်သားပေါက်လေးများကို တွေ့ရစဉ်။
ဓာတ်ပုံ-(W.C.S)

တစ်ဖန် သုတေသနလုပ်ငန်းများ အနေဖြင့်လည်း မျိုးပွားရာသီတွင် စုပေါင်းမျိုးပွားရာနေရာ(Spawning Ground Area)များကို လှည့်လည်လေ့လာပြီး ငါးဖမ်းကိရိယာများ (Fishing Gear)အမျိုးမျိုးမှ လွတ်ကင်းစေရန် ဆောင်ရွက်ခြင်း၊ ဥကျင်းများ ဥပေါက်နှုန်း၊ ဥပျက်နှုန်း၊ သားပေါက် အကောင်သေနှုန်းများကို SEAFDEC မှ သတ်မှတ်ထားသော သုတေသနပုံစံများဖြင့် စစ်ဆေးလေ့လာ မှတ်တမ်းတင်ခြင်း၊ ဥနှင့် အကောင်ပေါက်များ ပျက်စီးမှုကို ဓာတ်ခွဲခန်းတွင် စမ်းသပ်အဖြေရှာခြင်း၊ လိပ်မကြီးများအား မျိုးခွဲခြားခြင်း၊ တိုင်းတာချိန်တွယ်ခြင်း၊ ဥကျင်းချပြီး လိပ်မကြီးများအား နံပါတ်စဉ် အမှတ်အသား (TAG)များ တပ်ဆင်မှတ်တမ်းတင်ခြင်း၊(TAG)တပ်ဆင်ပြီး လိပ်များ ပြန်လည်တွေ့ရှိရာနေရာမှ သတင်းပို့မှုရရှိစေရန်ပြည်တွင်းပြည်ပ ပင်လယ်ရေပြင် ဆက်စပ်ရာဒေသများ၌ လက်ကမ်းကြော်ငြာများ ဖြန့်ဝေခြင်း၊ သတင်းအချက်အလက်များ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။

ဝိုင်းဝန်းပါဝင်

ပင်လယ်လိပ်မျိုးများထိန်းသိမ်းရေးလုပ်ငန်းတွင် ပြည်သူလူထုပါဝင်လာခြင်းသည် အဓိကကျသည့်အလျောက် ထိန်းသိမ်းကာကွယ်ထားသော လိပ်ကျွန်း၊ လိပ်သောင်များနှင့် ဆက်စပ်နေသော ဒေသခံရေလုပ်သားများနှင့် မိသားစုများအား ပင်လယ်လိပ်မျိုး ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ ဗဟုသုတနှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး အသိတရားများရရှိစေရန် ပညာပေးဟောပြောခြင်း၊ ပင်လယ်လိပ်များဆိုင်ရာ သတင်းအချက်အလက်များကို ရေလုပ်သားများက ပေးပို့စေရန်နှိုးဆော်ခြင်းတို့ကို လူထုပညာပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြောင်း သိရှိရသည်။ **"မြန်မာ့သက်ရှိသယံဇာတ- ဝိုင်းဝန်းထိန်းသိမ်းကြ"** Turtle ! Our Treasure ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထုများကလည်း အဏ္ဏဝါမှ ရတနာများကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ ဝိုင်းဝန်းပါဝင်ကြရန် လိုအပ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။ **(ကြေးမုံ)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၃ (အင်္ဂါနေ့)

၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ **နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်)၊ ဧရာဝတီတိုင်း၊ ပုသိမ်မြို့ နိကြောဓာရုံကျောင်းပင်သာ ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဝိသုတ ဟောကြားတော်မူသည့် 'တစ်ဦးကမေတ္တာ တစ်ဦးကစေတနာတရားတော်'**
- ၈:၀၅ ၄။ ဓမ္မပူဇာတေးအစီအစဉ်
- ၈:၁၅ ၅။ အမတမျိုးစေ့ (တေးရေး-ဣန္ဒာဆွေ၊ တေးပြု-ဂီတမှူး-စန္ဒရားခွန်တင်ကြွယ်)
- ၈:၃၀ ၆။ International News.
- ၈:၄၅ ၇။ Islands of Dhamma.
- ၈:၅၀ ၈။ **ဘဒ္ဒန္တ ဝိမလာဘိဝံသ (အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၊ကန်ကြီး ပရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့မှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း**
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ပထမဆု)(အထက-၂၊ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄:၅၀ ၄။ ဓမ္မပူဇာတေးအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (က)ပထမနှစ် (အထူးပြုအားလုံး) (မြန်မာစာ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၃၀ ၇။ **စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ(အပိုင်း-၁)**
- ၅:၅၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၉။ ညနေခင်းသတင်း
- ၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၁။ Milo Success In Soccer.
- ၇:၁၀ ၁၂။ **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း 'တတိယဆယ်စုနှစ်'(အပိုင်း-၂)**
- ၇:၂၅ ၁၃။ **မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) (ဗုဒ္ဓပါဝစနာ)**
- ၇:၃၅ ၁၄။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာ"(အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)**
- ၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

❍ မြစ်ရေတင်မှ

မြစ်ချောင်းငယ်များစွာမှ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိမှု၊ သဘာဝမိုးရေ ရရှိမှု၊ မြေအောက်ရေ ရရှိမှုတို့သည် ရေအခြေခံကောင်းများပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ မြစ်ကြီးများသည် နိုင်ငံအတွင်း၌ မြစ်ဖျားခံ၍ ပင်လယ်ထဲသို့ စီးဆင်းကြသည်။ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်မြစ်ကြီးများရှိပြီး သောက်သုံးရေအဖြစ် သန့်ပြန့်စွာ သုံးစွဲရရှိသည်။ ဤမြစ်ကြီးများမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်တို့အပြင် အခြားသောရေစီးဆင်းမှုကောင်းသည့် မြစ်များ၌ မြစ်ရေတင်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးကို ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ မြေအောက်ရေဌာနခွဲတို့ ပူးပေါင်း၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနကို ၁၉၉၅ခုနှစ် ဧပြီလ၁ရက်မှစတင်ဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် (က)မြစ်ချောင်းများမှ ရေကို ဒီဇယ်အင်ဂျင်ရေစုပ်စက်များဖြင့် ရေတင်၊ ရေစုပ်ပြုလုပ်ပြီး ရေသွင်းစိုက်ပျိုးရေပေးဝေခြင်း၊ (ခ)မြေအောက်ရေရရှိနိုင်သော ဒေသများတွင် စက်ရေတွင်း၊ လက်ရိုက်တွင်းများ တူးဖော်ပြီး စိုက်ပျိုးရေ ရရှိရေးကို ဆောင်ရွက်ခြင်း၊ (ဂ) စက်ရေတွင်းနှင့် လက်ရိုက်တွင်းများတူးဖော်ခြင်း၊ မဖွံ့ဖြိုးသေးသည့် တောင်တန်းဒေသနှင့် နယ်စပ်ဒေသများတွင် စိမ့်စမ်းရေသွယ် လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ဆည်များမှ သောက်သုံးရေသွယ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကျေးရွာများရှိ သောက်သုံးရေကန်များနှင့် လက်တူးတွင်းများကို ပြုပြင်ပေးခြင်းစသည့် သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသနေ ပြည်သူလူထု၏ လူနေမှုဘဝ တိုးတက်လာစေရေး ဆောင်ရွက်ခြင်းတို့ကို ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေရရှိရေး လုပ်ငန်းများတွင် မြစ်ရေတင်စိုက်ပျိုးရေး အစီအစဉ်ကိုလည်း စီမံဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံအနှံ့တစ်ကွင်းတစ်စပ်တည်း မြစ်ရေတင်လုပ်ငန်း ၂၆၂ခုကို ပြည်နယ်၊ တိုင်းကိုးခုတွင် ဧကနှစ်သိန်းငါးသောင်း အကျိုးခံစားရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ တစ်ကွင်းတစ်စပ်တည်းသော ဧကထောင်သောင်းချီ၍ မြစ်ရေတင် စိုက်ပျိုးနိုင်မည့် စီမံကိန်းလုပ်ငန်းကြီးများကို ဒေသအလိုက် စီမံအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် တွင်းကြီး(စစ်ကိုင်း)၊ ဥမင်ကိုးပေါက် (ချောက်)၊ တညောင်(စလင်း)၊ သပြေတန်း (တိုက်ကြီး)၊ ရေပေါ်သောင်နှင့် ကြို့ကုန်း(ထန်းတပင်)မြစ်ရေတင် စီမံကိန်းကြီးများ ပြီးစီးခဲ့သဖြင့် ယင်းလုပ်ငန်း စီမံကိန်းခြောက်ခုမှ ဧက ၄၈၅၀၀ ရေတင်စိုက်ပျိုးလျက် ရှိနေပြီဖြစ်သည်။ဆက်လက်၍လည်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း ခြောက်ခုကို အကောင်အထည်ဖော်ခဲ့သည်။

လျှပ်စစ်မြစ်ရေတင် စီမံကိန်းကြီး ခြောက်ခုမှာ ဘုတလင်မြို့နယ် ရေဘုတလင် စီမံကိန်း၊ အင်တောစီမံကိန်း၊ ဆားလင်းကြီး ညောင်ပင်ကြီးစီမံကိန်း၊ မြင်းခြံဆီမီးခုံတိုးချဲ့စီမံကိန်း၊ ရေစကြိုမင်းရွာစီမံကိန်း၊ မော်ဘီကန်ကလေး စီမံကိန်း တို့ဖြစ်ပြီး အကျိုးပြု ဧက ၇၉၀၀၀ အကျိုးပြုမည် ဖြစ်သည်။

မြစ်ရေတင်စီမံကိန်းကြီး ခြောက်ခုအဖြစ် ဆက်လက်၍ မြစ်ရေတင် စီမံကိန်းကြီးရှစ်ခုကို အထူးစီမံကိန်းအဖြစ် ဆောင်ရွက်မည်ဖြစ်ရာ ၎င်းတို့မှာ တောင်သာကျောဇီ စီမံကိန်း၊ ပုဂံ-ညောင်ဦး လောကနန္ဒာ စီမံကိန်းနှင့် ငါ့သရောက်စီမံကိန်း၊ မကွေး သဖန်းဆိပ် စီမံကိန်း၊ ထန်းတပင် အိုင်ကလောင်စီမံကိန်းနှင့် ငွေ့တန်းရှည် စီမံကိန်း၊ ဟင်္သာတ ငပိဆိပ်စီမံကိန်း၊ မြန်အောင်ကဇွန်းခုံ စီမံကိန်းတို့ဖြစ်၍ ဧက ၄၉၂၀၀ကို အကျိုးပြုတော့မည် ဖြစ်ပါသည်။

(ကြေးမုံ)

ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ မြင်းခြံခရိုင် မြင်းခြံမြို့၏ အနောက်တောင်ဘက် ဆိတ်ညည်ကျေးရွာ၏ အနောက်ဘက်ရှိဆိတ်ညည် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ဆိတ်ညည်၊ ကျွန်းစို၊ ကလိန်ချုံ၊ ညောင်ပင်၊ညောင်ကန်၊ကျွဲခြံကျေးရွာနှင့် ဒေါင်းသစ်ကျေးရွာများမှ စိုက်ပျိုးဧက တစ်သောင်းကို ရေတင်စိုက်ပျိုးမည်ဖြစ်သည်။ [ဆိတ်ညည်မြစ်ရေတင်စီမံကိန်းသည် စပါးသီးနှံဧက ၄၀၀၀ ခန့်နှင့် အခြားသီးနှံဧက ၆၀၀၀ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေမည် ဖြစ်သည်။ စီမံကိန်းကုန်ကျငွေ မှာကျပ် ၂၀၆၆သန်း ဖြစ်သည်။]

(ဓာတ်ပုံ-စိုက်ပျိုးရေး)

➪ **အတွင်းရေးမှူး(၁)မှ**

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်းခမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်အား မင်းခမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းခမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများနှင့် ကုန်းတော်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ည ၇နာရီ မိနစ် ၂၀တွင် မင်းခမ္မကုန်းတော်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့မွန်းလွဲ ၁နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ၂၀၀၂-၂၀၀၃ခုနှစ် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ထူးချွန်ဆုရရှိသည့် ဝန်ထမ်းများ၊ ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများနှင့် ယင်းတို့၏ မိဘများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ၂၀၀၂-၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ၊ ငါးဘာသာဂုဏ်ထူးရရှိသော ဝန်ထမ်းသားသမီးများအား ဝန်ကြီးက ဆုများချီးမြှင့်ပြီး **(ဝဲပုံ)** ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ကျန် ဂုဏ်ထူးရ ကျောင်းသားများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း သင်တန်းအသီးသီး၌ ထူးချွန်ဆုရရှိခဲ့သည့် ဝန်ထမ်းများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရှာသစ်လျှော်စစ်မြစ်ရေတင်စီမံကိန်း



မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ရွာသစ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် စီမံကိန်းဧရိယာ ၇၀၀၀အား စိုက်ပျိုးရေ ဖူလုံစွာ ပေးဝေသွားမည်ဖြစ်သည်။ [ရွာသစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးခေါင်ရေရှားဒေသတွင် ပါဝင်ပြီး နှစ်စဉ်သီးနှံ စိုက်ပျိုးရာတွင် မိုးရေကိုသာ အဓိကမှီခိုအားထားနေရသော ဒေသဖြစ်သည်။ ရွာသစ် မြစ်ရေတင်စီမံကိန်းကို ကုန်ကျငွေသိန်းပေါင်း ကျပ် ၁၂၉၈၀ဖြင့် ဆောင်ရွက်လျက်ရှိသည်။] **(ဓာတ်ပုံ-စိုက်ပျိုးရေး)**

LCCI စာရင်းကိုင်သင်တန်း တက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၁၁

တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ထားသူများ အခြေခံစာရင်းကိုင်ပညာ LCCIစာရင်းကိုင် ပညာရပ်လေ့လာလိုသူများအတွက် အမှတ်(၂၆၈) ဒုတိယထပ် ပန်းဆိုးတန်း(အထက်)တွင် ဖွင့်လှစ်ထားသော ဆရာဦးအောင်နိုင်၏ Aung Naing LCCI Training Centreတွင် LCCI Level I,II စာရင်းကိုင် သင်တန်းသစ်ကို ဩဂုတ် ၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ဝင်စားသူများအနေဖြင့် ဖုန်း-၇၂၁၁၄၃၊ ၀၉၅၀-၂၀၅၂၈နှင့် သင်တန်းခန်းမသို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

၂၀၀၃ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်စနာရီတွင် ရေဝတီ ရေတပ်စခန်းဌာနချုပ် သီဟသုရ ထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ရန်ကုန်တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များနှင့် တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိကြီးများ၊ အရာရှိစစ်သည်များ၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်အားပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသားအသင်း ကိုးသင်းနှင့် အမျိုးသမီးအသင်းကိုးသင်း ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကိုဩဂုတ်၂၁ရက်အထိဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (ကက–ရေ)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၁

Aung Tharaphu GCE, Training Center တွင် အင်္ဂလိပ်ဘာသာရပ်များဆိုင်ရာ GCE, TOEFL & IELTS စသည့် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရ သင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ်ပုံမှန် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် TOEFLစာမေးပွဲအတွက် Mock Testsများကိုလည်း ကျောင်းသားများအတွက် အပတ်စဉ်စီစဉ်ပေးလျက်ရှိသည့်အပြင် TOEFL စာမေးပွဲကိုလည်း လစဉ်ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၁၀၅) လမ်းမတော်လမ်း သံဈေးရှေ့ ဖုန်း–၂၁၂၃၅၇ နှင့် ၂၅၂၈၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

အခြေခံနှင့်အဆင့်မြင့် ကိုရီးယားဘာသာစကား အရေး၊အဖတ်၊အပြော သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၁

ကိုရီးယားဘာသာစကား စိတ်ပါဝင်စားသူများအတွက် အခြေခံနှင့် အဆင့်မြင့် ကိုရီယားဘာသာစကားကို ဆရာမ ဒေါ်ခိုင်စပါယ် (Dip. in Korear , Y.U.F.L) ကိုယ်တိုင် အရေး၊ အဖတ်၊ အပြောနှင့် နားထောင်နိုင်စွမ်းများကို ကျွမ်းကျင်သည်အထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

B.Aနှင့် Diplomaသင်တန်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် Level တန်းများကို Semester အလိုက် 4 Skills တန်းခွဲများ စီစဉ်ဖွင့်လှစ်ထားသည်။

သင်တန်း တက်ရောက်လိုသူများသည် "ဂျွန်းဂျင်း" ကိုရီးယားနှင့် နိုင်ငံခြားဘာသာ သင်တန်းများစင်တာ အမှတ် A-3၊ ပါရမီလမ်းနှင့် သံသုမာလမ်းထောင့် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၇၃၃၈၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

ပရီမီယာလိဂ်အကြို ချယ်ရတီဒိုင်း ဘောလုံးပြိုင်ပွဲ မန်ယူက အာစင်နယ်ကို ပိုင်နယ်တီအဆုံးအဖြတ်ဖြင့်နိုင်

လန်ဒန် ဩဂုတ် ၁၁

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲရာသီအကြို ချယ်ရတီဒိုင်းပြိုင်ပွဲအဖြစ် ယမန်နေ့က နာမည်ကြီး မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာစင်နယ်အသင်းတို့ ကာဒစ်ရှိ ထောင်စုနှစ်အားကစားရုံကြီး၌ ယှဉ်ပြိုင်ကစားရာ သာမန်ပွဲကစားချိန်တွင် တစ်ဂိုးစီဖြစ်နေသည်။ ပိုင်နယ်တီဂိုးအဆုံးအဖြတ်တွင် မန်ချက်စတာယူနိုက်တက်အသင်းက လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါပွဲတွင် မန်ချက်စတာဂိုးသမားသစ် တင်ဟောင်းဝပ်မှာ ပိုင်နယ်တီဂိုးနှစ်ဂိုးကို ကာကွယ်နိုင်ခဲ့သဖြင့် မန်ချက်စတာအသင်း၏သူရဲကောင်း ဖြစ်သွားခဲ့သည်။ ၎င်းသည် အာစင်နယ်အသင်းမှ ဂျီယိုဗန်နီဗန်ဘရော့စ်ဟော့နှင့် ရောဘတ်ပီရက်စ်တို့သွင်းသည့် ပိုင်နယ်တီဂိုးများကို ကာကွယ်နိုင်ခဲ့သဖြင့် ပြိုင်ပွဲအကြိုကာလတွင် ၎င်း၏အမှားအယွင်းနည်းပါးကြောင်း ပြသလိုက်ရာရောက်သည်။

မန်ချက်စတာယူနိုက်တက်နှင့်အာစင်နယ်တို့ပွဲက ယခုနှစ်အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲရာသီ စတင်သည့်အခါ တစ်သင်းနှင့်တစ်သင်းမှာ အပြတ်အသတ်ကွာလိမ့်မည်မဟုတ်ဆိုသည်ကို ပြသလိုက်ရာရောက်သည်။

အာစင်နယ်အသင်းအဖို့ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် အဖွင့်ဂိုး အသွင်းခံရခြင်းဖြင့် နောက်တန်းအင်အားနည်းနေသည်ကို ပြသလိုက်ရာလည်းရောက်စေသည်။ ထို့အပြင် တနင်္ဂနွေနေ့ပွဲ၌ အာစင်နယ်အသင်းမှ ကိုးလ်နှင့်ကမ့်ဘယ်တို့သည် မန်ချက်စတာယူနိုက်တက်ကစားသမားများကို ကန်ခဲ့သည်ကိုလည်း တွေ့ရသည်။ သို့ရာတွင် ၎င်းတို့ကို ဒိုင်လူကြီးက အပြစ်ပေးခြင်းမရှိခဲ့ပေ။ (အင်တာနက်)

ဩဂုတ် ၁၂ရက် (အင်္ဂါနေ့)ထုတ် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၂) မျက်နှာဖုံး။ (က–ပ)

ပညာပေး ဟောပြော

ဇူလိုင် ၂၈ ရက်က လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အနာကြီးရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့် အသိပညာပေးညှိနှိုင်းဆွေးနွေးပွဲကို ပြည်သူ့ဆေးရုံခန်းမ၌ကျင်းပရာ မြို့နယ်မှ တာဝန်ရှိသူ တစ်ဦးက အသိပညာပေး ဆွေးနွေးဟောပြောစဉ်။ (က–ပ)

သက်ကြီးရုပ်ရှင်ပညာရှင်များပူဇော်ပွဲ အလှူငွေနှင့်ဆေးဝါးပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၁

အကြိမ်(၄၀)မြောက် သက်ကြီးရုပ်ရှင်ပညာရှင်များ ပူဇော်ပွဲအတွက် ဆောဘီဗိုက်တာ ကလေးအားတိုးဆေးမှ ဦးမြဦး(တေးသံရှင်ဘိုကျော်)က ငွေကျပ်သုံးသောင်းလှူဒါန်းရာ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌဦးမြင့်နိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးကြူလေးတို့က ဩဂုတ် ၉ ရက်က လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ရုပ်ရှင်သရုပ်ဆောင်များ၊ ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်သူများ၊ ဗီဒီယိုအခြေခံအဖွဲ့များ၊ မြို့နယ်အလိုက် ဗီဒီယိုပြသူများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ပြင်ပစေတနာရှင်များက ငွေနှင့်ဆေးဝါးပစ္စည်းများ လာရောက်ပေးလှူလျက်ရှိကြသည်။

လာမည့်သီတင်းကျွတ်လတွင် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို တခမ်းတနားကျင်းပမည်ဖြစ်ရာ အစည်းအရုံးဝင်များ အလှူငွေထည့်ဝင်ကြရန် နှိုးဆော်ထားသည်။ **(ကြေးမုံ)**

ဒီဗွီဒီဇာတ်ကားများ အပြိုင်အဆိုင်ရိုက်ကူး "ဘဇော်"ဇာတ်ကား လာမည့်သောကြာရုံတင်မည်

ရန်ကုန် ဩဂုတ် ၁၁

ယခုအခါ အဆင့်မြင့်ဗီဒီယိုခေါ် ဒီဗွီဒီဇာတ်ကားများကို အပြိုင်အဆိုင် ရိုက်ကူးလာကြသည်ကို တွေ့ရသည်။

မကြာမီက ရိုက်ကူးပြီးစီးသွားသော ဇမ္ဗူတလူဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာ ဥက္ကာဗိုနှင့် ကိုခင်ဌေးတို့၏ **ဘဇော်** အမည်ရှိ အဆင့်မြင့်ဗီဒီယိုဇာတ်ကား ရှေ့သောကြာပတ်တွင် ရွှေမန်းရုံ၌ စတင်ပြသမည်ဟု သိရသည်။ **ဘဇော်** ဇာတ်ကားတွင် ရာဇာနေဝင်း၊ မိုးမင်း၊ လှအဉ္ဇလီတင့်၊ ကုသိုလ်၊ ကြူကြူသင်းနှင့် ကလေးဇာတ်ဆောင် စနေမတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ **(ကြေးမုံ)**

ဆင်ဆာခွင့်ပြုချက်ရရှိပြီး ပြသရန်အသင့်ဖြစ်နေသည့် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ "ကိုယ်တိုင်ရေးရာဇဝင်" ဇာတ်ကားမှ လွင်မိုး၊ နန္ဒာလှိုင်၊ ဟက်ကက်နှင့် ပုလဲဝင်း။

သရုပ်ဆောင်ဟန်

"ဘဇော်"အမည်ရှိ အဆင့်မြင့် ဒီဗွီဒီဇာတ်ကားမှ ရာဇာနေဝင်း၏ သရုပ်ဆောင်ဟန်။

ကြေးမုံ ရုပ်ရှင်

မြန်မာ့မီးရထား မြစ်ငယ်စက်ရုံ

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်က တည်ဆောက်ခဲ့သည့် လူစီးတွဲ (အထက်တန်း)နှင့် ရိုးရိုးတန်းတွဲများကို စက်ရုံတွင်း၌ ဤသို့ တွေ့ခဲ့ရသည်။ (ယာပုံ) (ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)



ဖြစ်ထွန်းနေသော ငရုတ်ကောင်းစိုက်ခင်း

ဧရာဝတီတိုင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ ငရုတ်ကောင်း စိုက်ခင်းတွင် ရှင်သန် ဖြစ်ထွန်းအောင်မြင်နေသော ငရုတ်ကောင်းပင်များကို တွေ့ရစဉ်။ (အောက်ပုံ) [ဓာတ်ပုံမှတ်တမ်း–ဌေးအောင်(ကြေးမုံ)]

တန့်ယန်းမြို့နယ်မှ ကျောက်မီးသွေးပေါ်ကွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ဟာပွတ်ကျေးရွာ နမ့်ပန်ချောင်းအနီးတွင် တွေ့ရှိရသော ကျောက်မီးသွေးပေါ်ကွက်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် ငွေရည်ပုလဲကုမ္ပဏီနှင့် ကျားခေါင်းကုမ္ပဏီတို့က စက်ယန္တရားကြီးများဖြင့် ကျောက်မီးသွေးများ တူးဖော်နေကြစဉ်။ [ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကျောက်မီးသွေးပေါ်ကွက်ပေါင်း ၁၅ ကွက် တွေ့ရှိထားပြီး နိုင်ငံတော်အတွက် သတ္တုကဏ္ဍမှ စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် စမ်းသပ်တူးဖော်မှုလုပ်ငန်းနှင့် ထုတ်လုပ်မှုများကို စက်ယန္တရားအား၊ ပညာရှင်အားတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။] (အောက်ပုံ) (ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

ပြည်ထောင်စု တစ်နံတစ်လျား ကွက်လပ်မကျန် တည်ဆောက်မြှင့်တင်

ဓာတ်ပုံမှတ်တမ်း

သွင်အေး(ကြေးမုံ)

ဌေးအောင်(ကြေးမုံ)

ခရမ်းစိုးမြင့်

ရေချမ်းမြင့်

မုန်းချောင်းတမံ ရေပိုလွှဲ

မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံတွင် သိုလှောင်နိုင်သော ရေဧကထက် ပိုလာလျှင် ပိုသောရေများ လျှံထွက်သွားစေမည့် ပင်မရေပိုလွှဲကို ဤသို့ တွေ့ရသည်။ (ယာပုံ) [ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)]

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သတ္တမအကြိမ်မြောက်အစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့

ရန်ကုန် ဩဂုတ် ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မကာတီမြို့၌ ဩဂုတ် ၆ရက်မှ ၇ရက်အထိ ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ သတ္တမအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဩဂုတ် ၈ရက် ည ၇နာရီ ၄၅မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

မြန်မာ ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနအောက်ရှိ ဌာနလုပ်ငန်းများမှ ဌာနအကြီးအကဲများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တင်ပြ

ဩဂုတ် ၆ရက် နံနက် ၈နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံ မကာတီမြို့ရှိ Peninsula Manila Hotel၌ သတ္တမအကြိမ် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကိုကျင်းပရာ အစည်းအဝေးတွင် ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီး H.E. Jose Isidro N. Camacho က သဘာပတိအဖြစ်ဆောင်ရွက်သည်။ အစည်းအဝေးတွင်အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံစီးပွားရေးအစီရင်ခံစာကို တင်ပြသည်။ ဆက်လက်၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ မိမိတို့၏စီးပွားရေးအခြေအနေများကိုတင်ပြရာ မြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေနှင့် ရှေ့အလားအလာကို တင်ပြသည်။

အဖွင့်မိန့်ခွန်း

ထို့နောက် နံနက် ၁၀နာရီခွဲတွင် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကျင်းပရာ မကာတီမြို့တော်ဝန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖိလစ်ပိုင်သမ္မတ Mrs. Gloria Macapagal Arroyo က အဖွင့်မိန့်ခွန်းပြောကြားသည်။

သမ္မတက ဘဏ္ဍာရေး ဝန်ကြီးများ ယခုကဲ့သို့ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်၍ အစည်းအဝေး တက်ရောက်ခြင်းသည် ဖိလစ်ပိုင်နိုင်ငံ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိပြီကို ပြသခြင်းဖြစ်၍ ကျေးဇူး အထူးတင်ရှိကြောင်း၊ ဒေသတွင်း စီးပွားရေးတိုးတက်မှု ခိုင်မာရေးအတွက် အာဆီယံနိုင်ငံများ၏ ငွေရေးကြေးရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးကြောင်း၊ ကြုံတွေ့ရမည့် အခက်အခဲများနှင့် စွန့်စားရမှုများကိုလည်း ပူးပေါင်းလက်တွဲ၍ ရင်ဆိုင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံသမ္မတနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အတူတကွ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ဆွေးနွေးအတည်ပြု

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဘဏ္ဍာရေး ဝန်ကြီးများသည် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြပြီး ASEAN Roadmap for Finance Integration ကို အတည်ပြုကြသည်။ အဆိုပါ Roadmap ကို အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံဘာလီမြို့၌ ကျင်းပမည့် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ကြသည်။

ဩဂုတ် ၇ရက်တွင် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံ၏ (၆)ကြိမ်မြောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးဝန်ကြီးများက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အေဒီဘီဥက္ကဋ္ဌ Mr. Tadao Chinoက အရှေ့အာရှ စီးပွားရေးအခြေအနေကို ဝန်ကြီးများအား တင်ပြရာ ဘဏ္ဍာရေးဝန်ကြီးများက တင်ပြချက်အပေါ် ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံအသီးသီးရှိ စီးပွားရေးအခြေအနေ၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံအလိုက် ချေးငွေအစီအစဉ်များ (Bilateral Swap Arrangements)နှင့် အာရှငွေချေးစာချုပ် ရန်ပုံငွေနှင့် ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် အာဆီယံဝန်ကြီးများ၏ အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်(Protocol Governing the Implementation of the ASEAN Harmonized Tariff Nomenclature) ကို လက်မှတ်ရေးထိုးခြင်းနှင့် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ၏ အာဆီယံငွေရေးကြေးရေး ပူးပေါင်းမှု ရန်ပုံငွေ ထူထောင်ခြင်း သဘောတူညီချက်(Agreement and Terms of Reference on the Establishment of the ASEAN Finance Cooperation Fund)ကို လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ

ယင်းနောက် အာဆီယံဘဏ္ဍာရေး ဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက် ASEAN Joint Ministerial Statement၊အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက် ASEAN+3 Joint Ministerial Statement နှင့် အစည်းအဝေး သဘာပတိ၏ အာရှငွေချေးစာချုပ် ဈေးကွက်များ အစီအစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ချက် (Chairman's Statement on the Asia Bond Markets Initiative)တို့ကို ထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မနီလာမြို့သို့ရောက်ရှိစဉ် ဩဂုတ် ၆ရက်တွင် မနီလာရှိ Marubeni Co., Ltd. မှ President & Chief Executive Officer ဖြစ်သူ Mr. Ryukichi Kawaguchi နှင့် အဖွဲ့မှ ဝန်ကြီးအား တွေ့ဆုံပြီး နှစ်ဦးနှစ်ဖက် အကျိုးတူကိစ္စရပ်များကို ဆွေးနွေးသည်။

ပြန်လည်လိုက်ပါ

မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အတူ အာဆီယံဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ရန် ကြိုတင်သွားရောက်ခဲ့ကြသည့် မြန်မာနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီး အောင်မျိုးဝင်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

---

(၃၆)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း စာတော်ပြန်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၃၆)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း (အာဂုံ)စာတော်ပြန်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၈နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ်(၄၉/၅၁)ရှိ အဘိဓမ္မာရတနာဃရအဘိဓမ္မဗိမာန် တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး သမ္မာဒေဝနတ်ဗြဟ္မာအပေါင်းတို့အား အကျိုးတော်ဆောင်ချုပ် အခမ်းအနားမှူးဦးမျိုးခင်က ဖိတ်ကြားသည်။ ယင်းနောက်နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်၍ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။

အသင်းကြီး၏ ဥက္ကဋ္ဌဦးသန်းတင်က စာတော်ပြန်ပွဲနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး အသင်းကြီး၏ ဩဝါဒါစရိယ ဒေါက်တာဘဒ္ဒန္တကုမာရဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊ဒုတိယပါမောက္ခချုပ် (သင်ကြား) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်က သမ္မောဒနီယကထာကို မြွက်ကြား ချီးမြှင့်တော်မူသည်။ (က-ပ)

ထီရောင်းသူများအား အရေးယူဆောင်ရွက်ပြီး

စာတည်းမှူးခင်ဗျား-

၂၇-၇-၂၀၀၃ နေ့ထုတ် ကြေးမုံသတင်းစာပါ မြန်အောင်နေခြည် ဈေးတောင်လမ်းနှင့် ပရိက္ခရာလမ်းဆုံ၌ ထီရောင်းမှုများနှင့်ပတ်သက်၍ ထီဆိုင်ပိုင်ရှင်များအားခေါ်ယူပြီး ဈေးပတ်ဝန်းကျင်လူစည်ကားရာ နေရာတွင် ဆူညံစွာဖြင့် ထီရောင်းချခြင်းမပြုရန် အရေးယူဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြပါသည်။

မြို့နယ်စည်ပင် မြန်အောင်မြို့။

စည်းကမ်းမဲ့ ဝက်မွေးမြူမှု ရှင်းလင်းပြီး

စာတည်းမှူးခင်ဗျား-

၂၂-၇-၂၀၀၃ နေ့ထုတ် ကြေးမုံသတင်းစာပါ သဲကုန်းမြို့နယ် ပုတီးကုန်း ဇေယျာမြေ (၄) လမ်းတွင် ဝက်များစည်းကမ်းမဲ့ မွေးမြူထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းဖယ်ရှားပြီးဖြစ်ပါကြောင်း ဖော်ပြပါသည်။

သဲကုန်းစည်ပင်။

ပြည်သူ့ထံမှ ပေးစာ

စက်သုံးဆီ အရောင်းဆိုင် မီးဘေးစိုးရိမ်

စာတည်းမှူးခင်ဗျား-

မော်လမြိုင်မြို့ မောင်ငံနယ်မြေ ကွင်းရပ်ရပ်ကွက် ကျောက်မီးသွေးရုံလမ်းအတွင်း လူနေထူထပ်ရာနေရာတွင် စက်သုံးဆီများကို တရားမဝင် သိုလှောင်ရောင်းဝယ် နေကြပါသည်။ ယင်းသို့ ရောင်းဝယ်ရာတွင် တစ်ခါတစ်ရံည ၁ နာရီနှင့် ၂နာရီအထိ ဖယောင်းတိုင်မီးဖြင့် စက်သုံးဆီများကို အရောင်းအဝယ်ပြုနေကြသည်မှာ အလွန်ပင်အန္တရာယ်ကြီးမားပါသည်။

၎င်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နေသူများ မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာက အမြန်ဆုံး အရေးယူတားမြစ်ပေးပါရန် စာတည်းမှူးမှတစ်ဆင့်တင်ပြပါသည်။

မီးဘေးစိုးရိမ်သူ။

ရေမြောင်းများ ပိတ်ဆို့မှု ရှင်းလင်းစေလို

စာတည်းမှူးရှင့်-

ကြည့်မြင်တိုင်မြို့နယ် သရက်တောရ(တောင်)ရပ်ကွက် (၃)လမ်းနှင့်(၄)လမ်း (အောက်ပိုင်း)ရှိ နေအိမ်နောက်ဖေးလမ်းကြားရှိ ရေနုတ်မြောင်းများ ပိတ်ဆို့နေပါသည်။

ယင်းသို့ ပိတ်ဆို့နေခြင်းမှာ မုန့်ဟင်းခါးဖိုလုပ်ငန်းတစ်ခုမှ အညစ်အကြေးများ စွန့်ပစ်ခြင်း၊ ဘဲခြံ၊ ဝက်ခြံများနှင့် သစ်ပင်များ စိုက်ပျိုးထားခြင်းတို့ကြောင့် ဖြစ်ပါသည်။ မိလ္လာကန်များမှ အညစ်အကြေးရည်များသည် အိမ်များအတွင်းသို့ ဝင်ရောက်နေပါသဖြင့် ကျန်းမာရေးလွန်စွာမှ ထိခိုက်နေရပါသည်။

သို့ပါ၍ စည်းကမ်းတကျဖြစ်စေရန် တင်ပြလိုက်ရပါသည်။

လမ်းသူ၊ လမ်းသားများ။

ကြက်၊ ငုံးမွေးမြူမှု စည်းကမ်းနှင့်ညီစေလို

စာတည်းမှူးခင်ဗျား-

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာအတွင်း ကြက်၊ ငုံးများ စီးပွားဖြစ် မွေးမြူနေပါသည်။ ကြက်ချေး၊ ငုံးချေး၊ ကြက်စာ၊ ငုံးစာများ၏ အပုပ်နံ့ဆိုးများကို ပတ်ဝန်းကျင်နေအိမ်များ မခံစားနိုင်အောင် ဖြစ်နေပါသည်။

ကြက်ချေး၊ ငုံးချေးပုပ်များမှ ယင်ကောင်များပေါက်ပွား၍ ယင်ကောင်များပေါများခြင်းနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင် နေလူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

ကျန်းမာရေးထိခိုက်နေသူများ။

တီဗွီဂိမ်းမှ ဆူညံသံ ပတ်ဝန်းကျင်မခံသာ

စာတည်းမှူးခင်ဗျား-

ပြည်မြို့ ဆံတော်နယ်မြေ နဂါးရုံဘုရားလမ်းနှင့် တိုက်ကြားလမ်းထောင့်ရှိ တီဗွီဂိမ်းဆိုင်မှာ နေ့စဉ်နံနက် ၈ နာရီခန့်မှ ည ၁၁ နာရီခန့်ထိ အသံကျယ်လောင်စွာဖွင့်လှစ်၍ ကစားကြပါသည်။ ရပ်ကွက်တွင်းနေ ပြည်သူများ စိတ်ဆင်းရဲနေရပါသဖြင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

နဂါးရုံလမ်းသားများ။

ဝက်မွေးမြူအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းမှူးခင်ဗျား-

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁)ရပ်ကွက် ထူပါရုံအနောက်(၄)လမ်းရှိ အိမ်တစ်အိမ်တွင် ဝက်များမွေးမြူထားသဖြင့် မစင်အနံ့များသည် အနီးပတ်ဝန်းကျင်တစ်ခုလုံး အနံ့ဆိုးများဖြစ်စေပါသည်။

အနံ့ဆိုးများ ရှူရှိုက်နေရခြင်း၊ ဝက်များ၏ အသံများကြောင့် ပတ်ဝန်းကျင်နေသူများ ကောင်းစွာအိပ်စက်အနားမယူနိုင်ဘဲ အချိန်တိုင်း နေအိမ်တံခါးများကိုပိတ်ကာ အနံ့ဆိုးများမှ ရှောင်ကြဉ်နေရပါသည်။

သို့ပါ၍ စည်းကမ်းတကျ မွေးမြူစေရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

အနံ့ဆိုးခံစားနေရသူ။

ဝေဘာဂီ-ဆူးလေ လိုင်းကားပြေးဆွဲပေးပါ

စာတည်းမှူးခင်ဗျား-

ဝေဘာဂီမြို့သစ်မှ ဆူးလေလိုင်းကားပြေးဆွဲခြင်း မရှိသည်မှာကြာပြီဖြစ်ပါသည်။ နေ့စဉ် သွားလာနေသော ခရီးသည်များ အခက်အခဲဖြင့် ရင်ဆိုင်နေရပါသည်။ သို့ပါ၍ ဝေဘာဂီ-ဆူးလေ လိုင်းကားအား ပြေးဆွဲပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

ဝေဘာဂီမြို့သစ်နေပြည်သူများ။

အငှားယာဉ်၊ အနေးယာဉ်စစ်ဆေးပေးစေလို

စာတည်းမှူးခင်ဗျား-

လှိုင်မြို့နယ် (၉)ရပ်ကွက် ကမာရွတ်ဘူတာရုံလမ်း (ရန်ကုန်-အင်းစိန်) လမ်းမထိပ်ဘက်ရှိ ကုန်တင်အငှားယာဉ်ငယ်များနှင့် အနေးယာဉ်သမားများသည် ယာဉ်များကို အများပြည်သူလမ်းမပေါ်တွင် မလွတ်မကင်း ပိတ်ဆို့ရပ်တန့်ထားပါသည်။

လမ်းသွား လမ်းလာများ၊ မိန်းကလေးများအား မထီမဲ့မြင် နောက်ပြောင်ပြောဆိုခြင်း၊ မူးယစ်သောက်စား၍ အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ အထူးသဖြင့် မကြားဝံ့မနာသာပြောဆိုခြင်းများကို နေ့စဉ်ပြုလုပ်နေကြပါသည်။

သို့ပါ၍ သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

ပတ်ဝန်းကျင်နေသူများ။

မြို့မဈေးအမှိုက်များ ရှင်းလင်းပေးပါ

စာတည်းမှူးခင်ဗျား-

စစ်ကိုင်းတိုင်း ဝက်လက်မြို့ အမှတ်(၂) နယ်မြေအတွင်းရှိ မြို့မဈေးကြီးအတွင်း အမှိုက်များကြောင့် မြောင်းများ ပိတ်ဆို့နေပါသည်။ ထို့ပြင် တချို့လူများသည် အမှိုက်ပုံတွင် အညစ်အကြေးပေါင်းစုံစွန့်ပစ်နေကြပါသည်။

ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်သူများသည် အပုပ်နံ့ကို နေ့စဉ်ဆိုးရွားစွာ ရှူရှိုက်နေကြရပါသောကြောင့် ကျန်းမာရေးကို လွန်စွာ ထိခိုက်လျက်ရှိပါသည်။

ထို့ကြောင့် အမှိုက်ပုံကြီးကို အမြန်ဆုံး ပြောင်းရွှေ့ရှင်းလင်းပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

အနံ့ဆိုးခံစားနေရသူများ။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာအမှတ် ၁/၂၀၀၃
(လေယာဉ်မောင်/လေယာဉ်မယ် လျှောက်လွှာခေါ်ယူခြင်း)

၁။ မြန်မာ့လေကြောင်းတွင် (လစာနှုန်း ၅၄၀၀ိ–၁၀၀ိ–၅၉၀၀ိ)ဖြင့် လေယာဉ်မောင်နှင့် လေယာဉ်မယ်ရာထူးများ ခန့်ထားရန်ရှိပါသည်။

၂။ လျှောက်ထားသူသည်–

(က)ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။ အိမ်ထောင်မရှိသူ(လူပျို/အပျို)ဖြစ်ကြောင်းသက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

(ခ)၉–၉–၂၀၀၃ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၂)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဂ)အခြေခံပညာအထက်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။အခြေခံပညာအထက်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်ကြောင်း ထောက်ခံစာအား လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(ဃ)လေယာဉ်မောင်လျှောက်ထားသူသည် အနည်းဆုံး အရပ် ၅ပေ၊ ၅လက်မထက် မနိမ့်သူဖြစ်ပြီး ကိုယ်အလေးချိန် ပေါင် ၁၁၀ထက် မနည်းသူဖြစ်ရမည်။ လေယာဉ်မယ်လျှောက်ထားသူသည် အနည်းဆုံး အရပ် ၅ပေ၊ ၃လက်မထက် မနိမ့်သူဖြစ်ပြီး ကိုယ်အလေးချိန် ပေါင် ၁၀၀ထက်မနည်းသူ ဖြစ်ရမည်။

(င)သတ်မှတ်ထားသော ကျန်းမာရေး ဆေးအဆင့်ပြည့်မီရမည်။ မျက်မှန်တပ်ဆင်သူ/ မျက်ကပ်မှန်တပ်ဆင်သူများ လျှောက်ထားရန် မလိုပါ။

(စ)အင်္ဂလိပ်ဘာသာစကားကို သင့်တင့်စွာ ပြောဆိုတတ်ရမည်။

(ဆ)ခန့်ထားခြင်းခံရပါက မြန်မာ့လေကြောင်းတွင် အနည်းဆုံး(၅)နှစ် ကတိခံဝန်ချက်ဖြင့် တာဝန်ထမ်းဆောင်နိုင်ရမည်။

(ဇ)အောက်ပါဘာသာရပ်များကို လူတွေ့စစ်ဆေးရာတွင် ဖြေဆိုရမည်။

(၁) အင်္ဂလိပ်စာ

(၂) အထွေထွေဗဟုသုတ

၃။ လျှောက်လွှာပုံစံများကို မြန်မာ့လေကြောင်း(ရုံးချုပ်)နှင့် ဌာနခွဲရုံးများတွင် ဝယ်ယူနိုင်ပါသည်။

၄။ ဖြေဆိုမည့်သူများသည် မိမိတို့၏လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ မြန်မာ့လေကြောင်း(ရုံးချုပ်)သို့လည်းကောင်း၊ ဌာနခွဲရုံးများမှတစ်ဆင့်လည်းကောင်း၊ အောက်ပါဓာတ်ပုံအမျိုးအစားများနှင့်တကွ ၉–၉–၂၀၀၃ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

(က) ရှေ့မှရိုက်ကူးထားသည့် တစ်ကိုယ်လုံးပုံ ပို့စကတ်အရွယ် ဓာတ်ပုံ (၁)ပုံ

(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံ

၅။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ လျှောက်ထားရမည်။

၇။ လူတွေ့စစ်ဆေးခံရမည့်သူစာရင်း၊ ခုံအမှတ်၊ နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာပေးမည်။



ရောင်းရန်ကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၉၉
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ်–၅၅

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	**၁။ ဦးတင်မြင့်** **၂။ ဒေါ်သန်းသန်း** အမှတ်(၁၄၉)၊ ဘုရင့်နောင်လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ ရန်ကုန်မြို့။
ဒီကရီရသူ		**တရားရှုံးများ**

ရန်ကုန်တိုင်းတွဲဖက်တိုင်းတရားသူကြီး (၁၃)ရုံးက တရားမကြီးမှုအမှတ်–၁၂၂/၂၀၀၁တွင် စရိတ်များအပါအဝင် ၃၀–၆–၂၀၀၃နေ့ထိ ဘဏ်ကြွေးငွေကျပ် ၄၁၄၁၃၆၄/၆၂နှင့် နောက်ထပ်အတိုးငွေ၊ စရိတ်ကုန်ကျငွေများ ရယူနိုင်ရေးအတွက် ဒီကရီအတည်ပြုရန် အောက်ပါစာရင်း၌ ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို (၂၀၀၃ခုနှစ်စက်တင်ဘာလ၁၁ရက်)အချင်းဖြစ် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်ဖြစ်ကြောင်းနှင့် ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်ကိုယ်စားလှယ်နှင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်ပြီး မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးပြီး ဈေးနှုန်းမှာရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။

၆။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၇။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်သည့်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။

၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင်ပေးသွင်းရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၉။ လေလံဝယ်ယူရရှိသူအား ရုံးတော်မှ လေလံတင်ရောင်းချသည့်ပစ္စည်းကို လက်ရောက်ပေးအပ်မည်။

ပစ္စည်းစာရင်း

(က) ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်(၂၀)၊ မြေကွက်အမှတ်(၁၄၉) ဘုရင့်နောင်လမ်းရှိ (ပေ၄၀Xပေ၆၀) ၂၄၀၀ စတုရန်းပေအကျယ်အဝန်းရှိ အုတ်တံတိုင်းခတ်၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂၄ပေ X ၄၉ပေ) နှစ်ထပ်အာရ်စီ၊ သွပ်မိုး တိုက်နှင့် အကျိုးခံစားခွင့်များ။

(ခ) ပစ္စည်းရောင်းချရန်အတွက် ကမ်းခင်းဈေးမှာ ကျပ် ၅၀၀၀၀၀၀ိ/– (ကျပ်သိန်းငါးဆယ်တိတိ)

၂၀၀၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ဤတရားရုံး တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လုတင်
တွဲဖက်တိုင်းတရားသူကြီး(၁၃)၊
ရန်ကုန်တိုင်းတရားရုံး။

ဒေါ်ဝါဝါထူး [၁၂/လမတ(နိုင်)၀၀၃၉၀၇]နှင့်
အများသိရှိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာမာချို [၆/ထဝန(နိုင်)၀၀၀၄၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ သိရှိအပ်သည်မှာ–

ဒေါ်ဝါဝါထူး [၁၂/လမတ(နိုင်)၀၀၃၉၀၇]သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာမာချိုနှင့် ၎င်း၏မိတ်ဆွေထံ မိမိပစ္စည်းများဖြစ်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအပါအဝင် အ/၉၈၇၆ Volks Wagonကားအမျိုးအစား၊ ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ (၈)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၄)မြေနှင့်အိမ်တို့အား အရောင်းအဝယ်စာချုပ်များ ပြုလုပ်ချုပ်ဆို၍ ရောင်းချခဲ့ပါသည်။

ထိုသို့ရောင်းချခဲ့ပြီးနောက်ပိုင်း ဒေါ်ဝါဝါထူး [၁၂/လမတ(နိုင်)၀၀၃၉၀၇] သည် လုံးဝအတွေ့မခံတော့ဘဲ ရောင်တိမ်းနေပါသဖြင့် ယခုကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ တစ်ပတ်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဆက်သွယ်ရှင်းလင်းပေးပါရန်။ ရှင်းလင်းပေးခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထွန်းအောင်ကျော် (LL.B , D.B.L)
တရားရုံးချုပ်ရှေ့နေ (စဉ်–၇၀၇၈)
တိုက်–၂၁၂၊ အခန်း–၂၂၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၄၀၀၇၃၊ ၇၂၁၁၇၃။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ်၊ ၃၂/၂၀၀၃
(၂၀၀၃ခုနှစ်၊ ဩဂုတ်လ ၅ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ရေဆင်း၊ ပျဉ်းမနားတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်–

စဉ်	ရာထူး	လစ်လပ်	အရည်အချင်း
(က)	လက်ထောက်ကထိက (မွေးမြူရေးပညာဌာန)	၂နေရာ	ရာထူးအားလုံးအတွက် အနိမ့်ဆုံးတိရစ္ဆာန်ဆေးပညာဘွဲ့ (သို့မဟုတ်) တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ရရှိပြီး လျှောက်ထားသည့်ဘာသာရပ်တွင်သက်ဆိုင်ရာအတန်းတိုင်း၏ စာမေးပွဲ၌ အနည်းဆုံးကြိတ်နှုန်းအဆင့် အမှတ်(၄) (သို့မဟုတ်) ပျမ်းမျှရမှတ်(၆၅%)နှင့်အထက် ရရှိသူဖြစ်ရမည်။ (သက်ဆိုင်ရာအတန်းတိုင်း၏ အမှတ်စာရင်းကိုပူးတွဲတင်ပြရမည်။)
(ခ)	လက်ထောက်ကထိက (ဆေးပညာဌာန)	၄နေရာ	
(ဂ)	လက်ထောက်ကထိက (ခွဲစိတ်ကုနှင့်မျိုးပွားပညာဌာန)	၃နေရာ	
(ဃ)	လက်ထောက်ကထိက (ဆေးဝါးဗေဒနှင့် ကပ်ပါးဗေဒဌာန)	၂နေရာ	
(င)	လက်ထောက်ကထိက (ခန္ဓာဗေဒဌာန)	၂နေရာ	
(စ)	မော်ကွန်းထိန်း(၂)	၁နေရာ	– တက္ကသိုလ်တစ်ခုခုမှဘွဲ့
(ဆ)	အားကစားမှူး	၁နေရာ	တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကိုယ်လက်လှုပ်ရှားရသည့် အားကစားနည်းတစ်မျိုးမျိုးတွင် အနိမ့်ဆုံး ပြည်နယ်/တိုင်း လက်ရွေးစင်အဖြစ် ကိုယ်စားပြုအားကစားသမား ဖြစ်ခဲ့ဖူးသူဖြစ်ရမည်။ (သက်ဆိုင်ရာပြည်နယ်/တိုင်းအားကစားနှင့်ကာယပညာ ဦးစီးဌာန၏ ထောက်ခံချက်ပူးတွဲတင်ပြရမည်။)

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂–၉–၂၀၀၃နေ့တွင် အသက်၃၅နှစ်(ဝန်ထမ်းဖြစ်ပါက အသက်၄၀နှစ်)ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂–၉–၂၀၀၃နေ့ အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ၅၀ိ/–ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီတင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀ိ/–(ကျပ်ငါးဆယ်တိတိ) ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်၊၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂–၉–၂၀၀၃နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၇–၉–၂၀၀၃နေ့နှင့် ၂၈–၉–၂၀၀၃နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၅–၉–၂၀၀၃နေ့မှစ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

Invitation To Tender

1. Sealed Tenders are invited by the Myanma Paper and Chemical Industries, the Ministry of Industry I for the Supply of 20 tpd Cardboard Paper Mill.
2. Tender Closing Date, (15-10-2003) at (14:00)hrs.
3. Tender Documents and details information are available at the Project Department, Myanma Paper and Chemical Industries, No 16 (B) Thukawady Road, Yankin Township, Yangon, Phone: 559236, during office hours commencing 15-8-2003
4. Only bid from tenderer who has purchased tender documents officially from Myanma Paper and Chemical Industries will be accepted for evaluation.

Managing Director
Myanma Paper and Chemical Industries.



စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်း နေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်။
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။





ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးကျော်မင်း (ငြိမ်း)
ကြည်း-၇၂၀၁
ဗိုလ်သင်တန်းအပတ်စဉ်(၁၅)
အသက်(၇၅)နှစ်

မြောင်းမြမြို့နေ (ဦးဖိုးရိတ်-ဒေါ်ဖွားမြိုင်)တို့၏သား၊ မန္တလေးမြို့နေ (ဦးအေးမောင်-ဒေါ်လှလှ)တို့၏ သားသမက်၊ ရန်ကုန်မြို့ အမှတ်(၆)၊ အေးရိပ်မွန်(၁)လမ်း၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်ခင်မြင့်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း၊ ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း)-ဒေါ်ပြုံးပြုံးကျော်၊ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း-ဒေါ်ရီရီဝင်း၊ (ဒေါက်တာနေဝင်း)-ဒေါ်နီနီကျော်၊ ဦးဦးဘို-ဒေါ်ဖြူဖြူကျော်၊ ဒေါ်ဝါဝါကျော်၊ဒေါ်ညိုညိုကျော်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေး၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး/ဘေးသည် ၁၁-၈-၂၀၀၃ ရက် နံနက်၅နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [အမှတ်(၆)၊ အေးရိပ်မွန်(၁)လမ်း၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ် နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၀၃(တနင်္ဂနွေနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးကျော်မင်း (ငြိမ်း)
ကြည်း-၇၂၀၁
ဗိုလ်သင်တန်းအပတ်စဉ်(၁၅)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆)၊ အေးရိပ်မွန်(၁)လမ်း၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်ခင်မြင့်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇာနည်စိုး-မမော်မော်အောင်၊ မောင်ကျော်စွာစိုး(အောင်ဝပ်ရှော့)၊ မောင်အောင်မြင့်စိုး (ခေတ္တ-မလေးရှား)-မစုစုမွန်၊ မနှင့်ဦးပွင့်(ဆေး-၂)၊ မအေးချမ်းပွင့်(ဒုတိယနှစ်၊ စီးပွားရေး)၊ မခင်မြတ်နိုးကျော် (အထက-၁၊ကမာရွတ်)၊ ရဲထွန်းဘို(G.T.C မော်ဘီ)၊ မောင်ရန်နောင်ထွဋ် (အထက-၂၊ ဗဟန်း)၊ မောင်ကျော်ငြိမ်းချမ်းဦး(ခေတ္တ-စင်ကာပူ)၊ မောင်ဇော်အေးချမ်းဦးတို့၏ အဘိုး၊မင်းခန့်မော်၊ မအိဖြူစင်တို့၏ဘေးသည် ၁၁-၈-၂၀၀၃ ရက်နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေး၊မြစ်တစ်စု။

ကျေးဇူးတင်လွှာ
ဦးတင်ထွန်းအောင်(၂)၊ ဒုအကောက်ခွန်မှူး
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ မြင်သာ(၁၄/၂)ရပ်ကွက်၊ မြိုင်တန်းသာလမ်း၊ အမှတ်(၉၄-၁)နေ ဒေါ်စိုးစိုးမြင့်၏ ခင်ပွန်း၊ မောင်သူရအောင်(ဒုတိယတန်း ဘီ၊ အထက(၁)၊ ဒဂုံ)၏ ဖခင်ဖြစ်သူ ဦးတင်ထွန်းအောင်(၂)ဒုအကောက်ခွန်မှူးသည် ၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်ခဲ့ရာ ကွယ်လွန်ပြီးချိန်မှစ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ ရပ်ဝေး၊ ရပ်နီးမှ ကြေးနန်း၊ အီးမေးလ်၊ ဖက်စ်၊ တယ်လီဖုန်းများဖြင့် သတင်းမေးအားပေးနှစ်သိမ့်ကြသူ ဆွေမျိုး မိတ်သင်္ဂဟများကိုလည်းကောင်း၊ ဈာပနသို့ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးခဲ့ကြသော အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ Down Light Co.,Ltd. Chairman ၊ MD နှင့်မိသားစုဝန်ထမ်းများ၊ ဆွေမျိုးမိတ်ဆွေများကိုလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ၊ လှူဖွယ်ကောင်းမှု အစုစုပေးပို့လှူဒါန်းခဲ့ကြသော မိတ်ဆွေမိသားစုများ၊ အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပံ့ပိုးစောင့်ရှောက်အားပေးခဲ့ကြသော အရာထမ်း၊ အမှုထမ်း၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ မိတ်သင်္ဂဟများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်သောင်းရင်(၈၁)နှစ်
(ကျုံဒိုး)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ အမှတ်(၄၄/၄)၊ဓမ္မစိန္တာလမ်းနေဦးပဉ္စင်း ဦးတိက္ခ၏ ရဟန်းအမ၊ ဒေါ်သန်းနွဲ့၊ ဦးရဲမြင့်-ဒေါ်တင်တင်အေး၊ (ဦးသိန်းထွန်း)-ဒေါ်မြင့်မြင့်ဝေတို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွား ဒေါ်သောင်းရင်သည် ၁၁-၈-၂၀၀၃ (တနင်္လာနေ့)တွင် ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းအောင် (၆၉)နှစ်
(ဆင်ဖြူကျွန်း)
အငြိမ်းစားသန့်ရှင်းမှုအင်ဂျင်နီယာ (ပဝသ) ကျန်းမာရေးဦးစီးဌာန

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ အခန်း(၄၅)၊ တိုက်(၇၅/၈၀)၊ အနော်ရထာလမ်းနေ (ဦးဘသင်-ဒေါ်ချစ်)ဆင်ဖြူကျွန်းမြို့တို့၏သား၊ ဒေါ်ခင်အေး၏ ခင်ပွန်း၊ မသီသီဝင်း၊ မစီစီဝင်း၊ မရီရီဝင်း၊ မောင်ကျော်သိန်းထွန်းတို့၏ ဖခင် ဦးဝင်းအောင်သည် ၁၁-၈-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၂:၂၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ဇရပ်၊ရဟန်းအမ
ဒေါ်ဖြူဖြူဝင်း (၅၆)နှစ်
စမ်းချောင်းမြို့နယ်
(ပုသိမ်)

ပုသိမ်မြို့၊ နှစ်ကျိပ်ရှစ်ဆူလမ်း၊ အမှတ်(၂)နေ ဦးညွန့်မောင်-(ဒေါ်အေးကြည်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလဝင်းလမ်း၊ အမှတ်(၁၄)နေ (ဦးထွန်းစိန်)-ဒေါ်မျှင်တို့၏သမီးချွေးမ၊ ဦးမျိုးမြင့် (ရေကြောင်းအင်ဂျင်နီယာ)၏ ချစ်ဇနီး၊ မအေးသန္တာကျော် (B.A, Eco)၊ မောင်ကျော်ဇင်မျိုး (3rd Year Computer)၊ မရွှေရည်ဝင်း (IX၊အထက-၂၊ စမ်းချောင်း) တို့၏ ချစ်လှစွာသောမိခင်သည် ၁၁-၈-၂၀၀၃ (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၄) ရွှေလဝင်းလမ်း၊ စမ်းချောင်း နေအိမ်မှကားများမွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်နုနု အသက် (၇၀)
အငြိမ်းစားငွေစာရင်းအရာရှိ (ဘရေ)

မန္တလေးမြို့၊သူဌေးတန်းနေ (ဦးဆင့်-ဒေါ်အေးတင်)တို့၏သမီး၊ (ဒေါ်မကြီး)၊ (ဒေါ်သန်းသန်း)၊(ဒေါက်တာဦးမောင်မောင်)-ဒေါ်ခင်မြင့်၊ ဦးသိန်းဟန်-ဒေါ်ညိုညို၊ ဒေါက်တာဦးခင်မောင်ဝင်း-ဒေါ်စိန်စိန်၊ ဒေါက်တာဒေါ်စုစုတို့၏ ညီမ/အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီလမ်း အမှတ်(၄၃)နေ(ဒေါက်တာဦးတင်အေး၊ ဒုညွှန်ချုပ်၊ငြိမ်း၊ ဘရေ)၏ ဇနီး ဒေါ်နုနုသည် ၁၁-၈-၂၀၀၃ (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း အသက်(၆၀)
SAE
မကွေးလေယာဉ်ကွင်းစီမံကိန်း

(ဦးခင်မောင်-ဒေါ်ဖွားမေ)တို့၏ သား၊ ဦးကံ-ဒေါ်အေးကြင်တို့၏ သားသမက်၊ ဒေါ်တင်ရွှေ၊ ဒေါ်တင်ငွေ၊ ဦးထွန်းဝင်းတို့၏ညီ/မောင်၊ ဦးတင်စိန်-ဒေါ်စန်း၊ ဦးဝင်းဆွေ-ဒေါ်ခင်ဝေ၊ ဒေါ်ညိုညိုမြင့်၊ ဦးဝင်းနိုင်တို့၏အစ်ကို၊ မအေးသီတာ၊ မောင်သန့်ဇင်ထွန်း-မဝါဝါတင်၊ မောင်စိုးလင်းထွန်း၊ မအိမျိုးခင်တို့၏ဖခင်၊ (ဒေါ်ခင်လေး)၏ခင်ပွန်းသည် ၁၀-၈-၂၀၀၃ရက်တွင် အမှတ်(၅၅၄)၊ ဇေယျာသီရိလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း နေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၈-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း ဒါယိကာမကြီး
ဒေါ်ကြည်(ခ)ဒေါ်တင်ကြည်
အသက်(၅၆)နှစ်
(ဇရပ်ကွင်း)

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာနေ ဦးမောင်ခင်-ဒေါ်မြတို့၏ သမီး၊ ဦးအောင်မြင့်၏ ချစ်လှစွာသော ဇနီး၊ မခင်သန္တာမြင့် [B.A.(Q)M.A First Year (History) Y.U]၊ မောင်ဇင်မင်းအောင် [E.C (First Year)]၊ (မအူပင်၊ G.T.C)၊ မောင်မျိုးမင်းကျော်တို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသမိခင် ဒေါ်တင်ကြည်သည် ၉-၈-၂၀၀၃ (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ဇရပ်ကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ရီ (၅၉)နှစ်
ဒုတိယညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

ရန်ကုန်တိုင်း၊ ဆိပ်ကြီးခနောင်တိုမြို့နေ (ဦးကစ်-ဒေါ်တင်ကြည်-ဒေါ်ဖွားရှင်) တို့၏သမီးကြီး၊ မအူပင်မြို့နေ (ဦးဖိုးရှင်-ဒေါ်လှဝေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၉)လမ်း၊ အမှတ်(၃၅)၊ (မြေညီထပ်)၊ အမှတ်(၂)၊ သတ္တုတွင်းလုပ်ငန်းဝန်ထမ်းအိမ်ရာနေ (ဦးတင်မြင့်၊ လ/ထညွှန်ကြားရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန)၏ ဇနီး၊ ဒေါ်မေသင်းမြတ်-ဦးခင်မောင်အေး၊ ဒေါ်ခေမာမြင့်(ခေတ္တ-ဂျပန်)-ဦးသော်ဝင်းဇော်(ခေတ္တ-ဂျပန်)၊ မောင်သွင်ဖြိုး (AGTI၊ဝါးခယ်မ)တို့၏ ချစ်လှစွာသောမိခင်၊ မသီရိဖွန့်(စံပြမူကြို)၏ အဘွားသည် ၉-၈-၂၀၀၃(စနေနေ့) နံနက် ၇:၁၀နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မာသွင်(ခ)အေးမီ (၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၃)၊ ခြံအမှတ် (၂)နေ ဦးဆန်းမောင်(ခ)မောင်ဆွေမွန်၏ ဇနီး၊ မိုးဇော်(ခ)မိုးဇော်ကို၊ ခင်ကေသွယ်မြင့်၊ ကျော်လင်းခိုင်(ခ)အငယ်လေးတို့၏ မိခင်သည် ၁၁-၈-၂၀၀၃ရက် နံနက် ၄:၃၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ၁၇-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး
ဦးဘထပ် (၈၁)နှစ်
(မြိုင်၊ ဗဟင်းရွာ)

မန္တလေးမြို့၊ မျက်ပါးရပ်၊ ပုတီးတန်း၊ အမှတ်(၁၅၂/၇၈)လမ်း၊ ၃၉x၄၀ လမ်းကြားနေ ဦးတင်ဝမ်-ဒေါ်ကြည်ဝင်း၊ ဦးအောင်ဆန်း-ဒေါ်ခင်စန်း၊ ဒေါ်ခင်ရွှေ၊ ဦးတင်ဆန်း(ထက်ရည်လင်းကျောက်မျက်ကုမ္ပဏီ)- ဒေါ်ခင်ဝင်း(မြောက်ကျွန်းသူမမ၊ ရွှေတူးဖော်ရေးကုမ္ပဏီ)၊ ဦးသိန်းထွန်း-ဒေါ်ခင်ငွေ၊ ဦးတင်သန်း-ဒေါ်ချို၊ ဦးဝင်းကြည်-ဒေါ်ခင်ဆွေ၊ ဦးအောင်လွင်-ဒေါ်ခင်ကြွေ၊ မဝေတို့၏ ဖခင်၊ မြေး၂၃ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုး၊ ဒေါ်အေးညွန့်၏ ချစ်လှစွာသော ခင်ပွန်းသည်၁၁-၈-၂၀၀၃ (တနင်္လာနေ့)တွင် ကွယ်လွန်ပါ၍ ၁၂-၈-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှတောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင်ငွေ(ခ)ဦးတာ(၇၁)နှစ်
ဌာနခွဲမှူး(အငြိမ်းစား)
မြန်မာ့အထည်အလိပ်လုပ်ငန်း

ဦးမြ-ဒေါ်အုန်းခင်တို့၏သား၊ ဦးဝင်းမောင်၏ ညီ၊ ဒေါ်သိန်းမြင့်(ဒေါ်ပုစီ)၏ အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း(၅)လမ်း၊ အမှတ်(၂၂)နေ ဒေါ်လှဝင်း၏ခင်ပွန်း၊ ဦးကျော်မြင့်၊ ဦးဝဏ္ဏသာရ (ဦးဝင်းအောင်)၊ ဦးကျော်ဝင်း၊ ဦးစိုးတင့်(Aung Brothers Trading)-ဒေါ်ခင်တင့်ဆွေ၊ ကိုအောင်နိုင်၊ ကိုသိန်းဇော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်အောင်ကျော်မြင့်၊ မမိုးသူဟန်တို့၏ အဘိုးသည် ၁၀-၈-၂၀၀၃ (တနင်္ဂနွေနေ့)တွင်ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၂-၈-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ကြင်ထွေး(၇၁) နှစ်
(ဟင်္သာတ)

ဟင်္သာတမြို့နယ်၊ ဓမ္မိကျေးရွာနေ (ဦးဝိုင်ကျုံ-ဒေါ်ချစ်မယ်) တို့၏ သမီး၊ ဟင်္သာတမြို့၊အမှတ် (၁၀)၊ ဦးဝိစာရလမ်းနေ (ဦးမောင်သောင်း)၏ ဇနီး၊ ခေတ္တစင်ကာပူနေ ဦးအောင်ဝင်းဦး- ဒေါ်နွဲ့နွဲ့ရီ၊ ဟင်္သာတမြို့နေ ဦးခင်မောင်ရီ-ဒေါ်ခင်ခင်စီ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၄) လမ်း၊ အမှတ် (၄၀)၊ ဒုထပ်နေ ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ရီ၊ ဟင်္သာတမြို့နေ ဦးမျိုးမြင့်အောင် - ဒေါ်မာမာစိုးတို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား ဒေါ်ကြင်ထွေးသည် ၁၁-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဟင်္သာတမြို့ မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးညွန့်ဝေ (၅၃)နှစ်
(ပန်းဘဲတန်းမြို့နယ် သမဝါယမအသင်းလီမိတက်)

ရန်ကုန်မြို့၊ အမှတ်(၂၄)၊ ကျောင်းလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မြင့်မြင့်အေး၏ခင်ပွန်း၊ ရန်ကုန်မြို့၊ အမှတ်(၂၈)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဗိုလ်ကြီးထင်ကျော်-ဒေါ်တင်ရီ) တို့၏သားကြီး၊ (ဦးထွန်းဝေ)၊ ဦးအေးထွန်း-ဒေါ်သန်းရှင်၊ ဦးထိန်ဝင်း-ဒေါ်ခင်ခင်တင့် (အမက-၁၇၊ လှိုင်သာယာ)၊ ဒေါ်သီတာဝေ(လူမှုဝန်ထမ်း)၊ ဗိုလ်မှူးဝေကျန်-ဒေါ်သီရိကျော် (အမက)၊ ဒေါ်စန္ဒာကျော် (အထက-၁၊လသာ) တို့၏ အစ်ကိုကြီး၊ တူ၊တူမခြောက်ယောက်တို့၏ ဘကြီးသည် ၁၁-၈-၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးမောင်ကို(ငြိမ်း)
မော်ကွန်းဝင် တတိယဆင့်
အသက်(၈၁)နှစ်
(ကညွတ်ကွင်း)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၁) ဖြတ်လမ်း၊ အမှတ်(၈)နေ ဦးရွှေသီး-ဒေါ်အုန်းကြည်၊ ဗိုလ်မှူးစိုးပိုင်-ဒေါ်မီးမီးတို့၏ ဘကြီး၊ မောင်တင်ငွေ(ချစ်စရာဟိုတယ်)၊ မောင်သိန်းငွေ(Happy WorldII)၊ မောင်မျိုးအောင်တို့၏ အဘိုးသည် ၁၀-၈-၂၀၀၃ရက် နံနက် ၇ နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စိန်မြင့် (၇၃)နှစ်
(ညောင်ပင်လေးဈေး)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မနောဟရီရိပ်သာ၊ အိမ်အမှတ်(K-108)နေ (ဦးဘရှင်-ဒေါ်ချစ်)တို့၏ သမီး၊ (ဗိုလ်ကြီးထွန်းမင်း)၏ ညီမ၊ ဦးဝင်းမောင်-မတူး(ညောင်ပင်လေးဈေး)၏ အဒေါ်သည် ၁၁-၈-၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ဈေးသူ၊ ဈေးသားများ လိုက်ပါပို့ဆောင်ကြပါ။ (ညောင်ပင်လေးဈေးမှ ကားများ နံနက် ၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်လှ (၇၁) နှစ်

လက်ပံတန်းမြို့နယ်၊ ၄က်သိုက်ကျေးရွာနေ(ဦးအုံးဖေ-ဒေါ်ယုကင်)တို့၏ သမီး၊ ဦးရှုမောင်-ဒေါ်တင်လှ၊ ဦးသိန်းဟန်-ဒေါ်ခင်ရီတို့၏ညီမ၊ဦးကြည်အေး-ဒေါ်ညိုလေးတို့၏ အစ်မ၊ ရန်ကုန်တိုင်း လှိုင်မြို့နယ်၊မာလာမြိုင်(၄)လမ်း၊ (၁၆) ရပ်ကွက်၊ အမှတ်(၆၉)နေ (ဦးသိန်းအောင်)၏ဇနီး၊ မောင်ကြည်စိန်-မလဲ့လဲ့ဝင်း (တိုင်းဆောက်-၁၁)၊ မောင်မျိုးမင်းဦး (Traders Hotel) မသန်းသန်းဆွေ (မြန်မာနိုင်ငံ ရဲသတင်းတပ်ဖွဲ့)တို့၏ မိခင်၊ မောင်ဇေယျာထွန်း၏ အဘွားသည် ၈-၈-၂၀၀၃(သောကြာနေ့) ညနေ ၅:၁၅နာရီတွင် ကွယ်လွန်ပါ၍၁၂-၈-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်တင့် (၆၇) နှစ်
(ပြည်မြို့)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက်(၄)၊ အခန်း(၂)နေ (ဦးဖိုးသန်း-ဒေါ်အေးဆင်)တို့၏သား၊ (ဒေါ်စောကြည်)၊ ဦးညိုမောင်(ဒေါ်စောရီ)တို့၏ မောင်၊ ဦးစိန်မောင်-ဒေါ်စန်းတို့၏ ညီ၊ ဒေါ်လှလှသန်း၏ ခင်ပွန်း၊ ကိုမင်းနိုင်-မနီနီတင်၊ မလဲ့လဲ့နိုင်၊ ရဲအုပ်ကိုအောင်ငွေ-မအေးအေးကျော်၊ ကိုမိုးကျော်သူ-မမိုမိုကျော်၊ (မစုစုကျော်) တို့၏ ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၁၁-၈-၂၀၀၃ရက်တွင် ရန်ကုန်မြို့ ဆာကူရာဆေးရုံ၌ ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မဖြူဖြူလေး(ခ)
မအေးသီတာဝင်း(၂၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိုက်(၂)၊ အခန်း(၉)နေ (ဦးအောင်သောင်း)-ဒေါ်အုံးမြတို့၏ သမီး၊ ကိုတင်ဝင်း-မသောင်းရီ၊ ကိုဝင်းမြိုင်-မနီနီခင်၊ ကိုလှအောင်-မတင်စိန်၊ ကိုလှဦး-မမြမြဝင်း၊ ကိုအောင်နိုင်-မမော်မော်ငွေ၊ ကိုစန်းဝင်း-မမူမူအေး၊ ကိုအောင်မြင့်ဝင်း-မဇင်မာဦးတို့၏ ညီမ၊ တကက/စရ ထွန်းထွန်းမြင့်၏ ဇနီး၊ မသဇင်အောင်၏ မိခင်သည် ၁၁-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သရက်အသင်း(ရန်ကုန်)
ဦးသန်းမောင်(၉၅)နှစ်

စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်(၃၅)နေ၊ သရက်အသင်း၏ ရာသက်ပန်အသင်းဝင် နာယကသည် ကွယ်လွန်ပါ၍ ၁၂-၈-၂၀၀၃ (အင်္ဂါနေ့) နံနက် ၁၀:၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်၍ အသင်းဝင်မိသားစုများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက်၉:၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဦးသန်းစိန် (၇၇)နှစ်
(အငြိမ်းစားရဲမှူး)

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်သိန်းမြင့်၏ ခင်ပွန်း၊ ဦးတင့်စန်း (တရားရုံးချုပ်ရှေ့နေ)-ဒေါ်ကြူကြူအောင်တို့၏ ဖခင်၊ မနန္ဒာတင့်စန်း၊မဇင်မာလာတင့်စန်း၊ (လ/ထ ကထိက-မိတ္ထီလာတီတီစီ)၊ မောင်အောင်ဇော်ထက်(အလုပ်သင်ဆရာဝန်၊မိတ္ထီလာ)တို့၏ အဘိုးသည် ၁၀-၈-၂၀၀၃ရက် ညနေ ၅ နာရီတွင် ကွယ်လွန်ပါ၍ ၁၂-၈-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ကံသာဦးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်အုံးတင်(၆၇)နှစ်
ဒဂုံဆိပ်ကမ်းမြို့နယ်
သတင်းစာကိုယ်စားလှယ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၈၈)ရပ်ကွက်နေ (ဦးငွေလှ-ဒေါ်ချိန်)တို့၏သမီး၊ အမှတ်(၁၀၄-က)၊ နွယ်သာကီလမ်းနေ (ဦးတင်မောင်) ဂါဒီယန်သတင်းစာတိုက် (ငြိမ်း)၏ ဇနီး၊ ဦးတင်မြ၊ ဒေါ်ရှုရင်၊ (ဦးတင်ဦး)၊ ဒေါ်စန်းရီ၊ ဦးစိန်ရွှေ၊ ဒေါ်ရီ(တိမ်လိုင်းကဖီး)တို့၏အစ်မကြီး၊ ကိုစိန်မင်း၊ (ကိုနီဝိုင်း)၊ (ကိုလှဦး) မသန်းသန်းငွေ၊ ကိုခင်ဆွေ(ဂါဒီယန်သတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရုံးချုပ်၊ တွဲဖက်)-ဒေါ်ထွေးထွေးမြင့်၊ ကိုတင့်လွင်(မြန်မာ့သတင်းစဉ်ပြည်တွင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်)၊ မငွေငွေဝင်း၊ ကိုဝင်းညွန့်၊ မစန်းစန်းမြင့်၊ မောင်ထွန်းထွန်း၊ မောင်ဇော်မင်း(ခ) ဇော်ဇော်မောင်ကျော်မင်း(ခ)ကျော်ကျော်တို့၏ မွေးသမိခင်၊ မြေး၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၁-၈-၂၀၀၃ရက် မွန်းလွဲ၁၂:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၃ရက် မွန်းလွဲ၁နာရီတွင် အထက်ပါနေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မင်း အသက်(၄၀)

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၄/၁)၊ (၅)လမ်း၊ အမှတ်(၅၂)၊ အခန်း(၁)နေ (ဦးပြည့်မောင်)-ဒေါ်မြသန်းတို့၏ သား၊ ဦးလှသောင်း-ဒေါ်အေးအေးသိန်းတို့၏ တူ၊(ဦးရဲတင့်)-ဒေါ်ထွေးထွေးညွန့်၊ ဦးကျော်လင်း(ခေတ္တ-ဂျာမနီ)၊ တပ်ကြပ်ကြီးကျော်ဝင်း-ဒေါ်ချိုတို့၏ ညီ/မောင်၊ မစိန်စိန်ဝင်း၊ မနီနီထွေးတို့၏အစ်ကိုသည် အထက်ပါ နေအိမ်၌ ၁၁-၈-၂၀၀၃ရက်တွင်ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မမြင့်မြင့်စန်း(ခ)ငယ်ငယ်
အသက်(၃၄)နှစ်
Adventure Myanmar
B.Sc(Zoo)
Travels & Tours Co.,Ltd.

ရန်ကုန်မြို့၊ အမှတ်(၃၂)၊ မြယာကုန်းလမ်း၊ကန်တော်ကလေး၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးစန်းတင့်အောင်-ဒေါ်မြင့်မြင့်တို့၏ သမီး၊ ဦးရဲမြင့်သူ-ဒေါ်သီသီဝင်းတို့၏ ညီမ၊ မောင်ခိုင်ဝင်းသိန်း၏ အစ်မ၊ မဇင်သူဇာဝင်းတို့၏ အဒေါ် မမြင့်မြင့်စန်း(ခ)ငယ်ငယ်သည် ၉-၈-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မတင်မိုးသူ(ခ)အီနိုကီ
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၆)၊ အောင်ချမ်းသာ(၂)လမ်းနေ ဦးသိန်းထွန်း (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ်)-ဒေါ်ကြွယ်ကြွယ်တို့၏ သမီး၊ အမှတ်(၃)၊ ဆီဆုံလမ်းနေ ဦးမောင်မောင်လေး-ဒေါ်စန်းစန်းတို့၏ သမီးချွေးမ၊ ဒေါ်ကြူကြူ၊ ဒေါ်မူမူတင်၊ ဒေါ်ဝင်းကြည်၊ ဦးသိန်းဝင်းတို့၏ တူမ၊ ကိုအောင်မျိုးမင်း၊ မယင်းမာသောင်းတို့၏ ညီမ၊ ကိုကျော်မျိုးမင်း၏ ဇနီး၊ မမြတ်နိုးခင်(မိကို)၏ မိခင် မတင်မိုးသူ(ခ)အီနိုကီသည် ၁၁-၈-၂၀၀၃ ရက်တွင် အမှတ်(၃)၊ ဆီဆုံလမ်း နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၃ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဗဟန်းမြို့နယ်၊ သံဃနာယကဒုတိယဥက္ကဋ္ဌ ဆရာတော်
ရန်ကုန်တိုင်း၊ သံဃဝန်ဆောင် မှန်နန်းကျောင်းတိုက်
ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ ဥတ္တမ
သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၇)နှစ်

ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ မှန်နန်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော်အရှင်သူမြတ်သည် (၁၃၆၅ခု၊ ဝါခေါင်လဆန်း ၁၂ရက်) ၉-၈-၂၀၀၃ (စနေနေ့) နံနက် ၇:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှ ကားများမွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သြဝါဒ
ရွှေကျင်ဘုရားကြီးကျောင်းတိုက် ဆရာတော်
သိက္ခာတော်(၃၇)ဝါ၊ သက်တော်(၅၆)နှစ်

ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ ရွှေကျင်ကျေးရွာ ဘုရားကြီးကျောင်းတိုက် ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တသြဝါဒ ဆရာတော်သည်(၁၃၆၅ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ရက်)၁၁-၈-၂၀၀၃ (တနင်္လာနေ့) နံနက် ၇:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (ဝါခေါင်လပြည့်ကျော် ၅ရက်)၁၇-၈-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ ဆွေမျိုးအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ရွှေကျင်ကျေးရွာ။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်ထွေးရီ အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၈)လမ်း၊ အမှတ်(၈၅)နေ (ဦးစိုးမင်း-ဒေါ်နှင်းမေ)တို့၏ သမီး၊ (ဦးလှဝင်း)၏ ဇနီး၊ ဦးအောင်စိုး-ဒေါ်ခင်မြင့်တို့၏ မွေးသမိခင်၊ ဦးထင်ကျော်ဝင်း(အကောက်ခွန်)-ဒေါ်တင်တင်မြ(အကောက်ခွန်)တို့၏ အဘွား ဒေါ်ထွေးရီသည် ၁၀-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ဒေါ်တင်တင်ရီ အသက်(၅၉)နှစ် [ဒုတိယညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း]ကွယ်လွန်သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲလျက်။

ဒေါ်အေးမြင့် ကျောင်းအုပ်ဆရာမကြီး(အထက-၂၊ အလုံ)။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်သောင်း
(ဆွေသဟာစားသောက်ဆိုင်)
အထက(၁)လမ်းမတော်(စိန့်ဂျွန်း)ကျောင်းသားဟောင်း

သူငယ်ချင်းမောင်သောင်း(၄၄)နှစ်သည်၆-၈-၂၀၀၃ရက်တွင်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့၊
အထက(၁)လမ်းမတော်(စိန့်ဂျွန်း)(၁၉၆၈-၈၄)ပညာသင်နှစ်မှ ကျောင်းသားဟောင်းသူငယ်ချင်းများ။

ဦးမောင်ပြန့် (၉၈)နှစ်
(ပြင်ရွာ၊မြောင်းမြမြို့)

ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်၊ ပြင်ရွာကျေးရွာနေ (ဦးအောင်ဘန်း-ဒေါ်နှင်းသုတ်)တို့၏ သားကြီး၊ (ဒေါ်ကလေးမ)၏ ခင်ပွန်း၊ ဦးအောင်ရှိန်-(ဒေါ်ရီ)၊ ဦးထွန်းဝင်း-ဒေါ်ခင်တင့်၊ ဦးဖိုးထူး-ဒေါ်ညို၊ (ဦးစံဝင်း)-ဒေါ်တင်လွမ်း၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းနွဲ့တို့၏ ဖခင်၊ မြေး၃၀ယောက်၊ မြစ်၂၀ယောက်တို့၏ အဘိုးသည် ၉-၈-၂၀၀၃ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၃(တနင်္လာနေ့)တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

စစ်ကိုင်းမြို့ ဈေးလမ်း တင်ထွန်းဓာတ်ပုံတိုက် ဦးတင်ထွန်း-ဒေါ်ခင်ကြည်တို့၏ သား၊ ဦးထွန်းလှအောင် (စစ်ကိုင်းတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌ)၏ အစ်ကို ဦးအောင်ဆန်းထွန်း(ခ)ကိုမောင်မောင်လေး (စစ်ကိုင်း) ၅၂နှစ်သည် ၈-၈-၂၀၀၃ရက်တွင် ကွယ်လွန်၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း။

အမှုဆောင်အဖွဲ့၊တိုင်းဗီဒီယိုအခြေခံ အဖွဲ့ခွဲ၊ စစ်ကိုင်းတိုင်း၊စစ်ကိုင်းမြို့။

ဦးညွန့်ဝေ (၅၃)နှစ်
ပန်းဘဲတန်းမြို့နယ်
အထွေထွေစီးပွားရေးလုပ်ငန်း
သမဝါယမအသင်းစုလီမိတက်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊အမှတ်(၂၆)၊ ဆီဆုံလမ်း၊ (၄လွှာ)နေ (ဗိုလ်ကြီး ထင်ကျော်-ဒေါ်တင်ရီ)တို့၏သားကြီး၊ (ဦးတင်ဟန်-ဒေါ်စောညွန့်)တို့၏ သားသမက်၊ ဒေါ်ခင်စန်းရင်(ဟိုတယ်/ခရီး၊ ငြိမ်း)၏ ခင်ပွန်း၊ မဥမ္မာသော်၊ မောင်ကျော်ဇင်-မခင်ပပဝယ်၊ မောင်သန့်ဇင်တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၁-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးလှထွန်း(၆၈)နှစ်
အခန်းမှူး၊ စာစီဌာန(ငြိမ်း)
ကြေးမုံသတင်းစာတိုက်

မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ အောက်ဆိပ်ကျေးရွာနေ (ဦးစံမြ-ဒေါ်ဝဲသူ)တို့၏ သား၊ (ဦးရွှေတင်-ဒေါ်သိမ်)တို့၏ သားသမက်၊ (ဒေါ်ကြည်)၏ ခင်ပွန်း၊ ဦးခင်မောင်ဇော်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်အေးအေးကြွယ်[(J)ကာယ၊အလက၊သပြေကုန်း]၊ ဦးတင်ငွေ-ဒေါ်လှလှထွေးတို့၏ဖခင်၊ မချိုမာလာသင်း (နဝမတန်း-C၊ အထက-၃၊ ဗဟန်း)၊ မလွင်မာဦးတို့၏ အဘိုးသည် ၁၀-၈-၂၀၀၃ရက်တွင် အမှတ်(၃၂)၊ မင်္ဂလာသိဒ္ဓိလမ်း၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၈-၂၀၀၃(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်သောင်း (၄၄)နှစ်
B.Sc (Bot;) 1991
ဆွေသဟာစားသောက်ဆိုင်
(ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)လမ်း၊ အမှတ်(၃၅/၃၆)နေ (ဦးခိုင်-ဒေါ်ရင်)တို့၏ သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၁၃၈/၁၅၀)၊ အခန်းအမှတ်(၃)နေ ဒေါ်ကြည်ကြည်စိန်၏ ခင်ပွန်း၊ မသီရိခိုင်ကျော် [IX(S)၊ အထက-၄၊ ဗိုလ်တထောင်]၏ ဖခင်၊ ကိုဖေချမ်း-ဒေါ်စီစီ(T.W)၊ ဒေါ်တင်ရီ - ဦးထွန်းအောင်(T.W)၊ ဒေါ်ခင်မေ-ဦးညွန့်ချို(T.W)၊ ဒေါ်ရီရီ-ဦးချင်းဟု(T.W)တို့၏ ညီ၊ ဦးမောင်မောင်ကျော်(T.W)-ဒေါ်မြမြဝင်း၊ ဦးဝင်းရွှေ-ဒေါ်သန်းသန်းရီ(ခေတ္တ- U.S.A) တို့၏ အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ ဦးလေး ဦးမောင်သောင်းသည် ၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ညနေ ၆ နာရီခွဲတွင် မင်းဓမ္မကုန်းတော်သို့ရောက်ရှိလာရာ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မင်းဓမ္မ ကုန်းတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၂ သို့** ➪



မြစ်ရေတင်စီမံကိန်းကြီးများ ဒေသအလိုက် အကောင်အထည်ဖော်၍ ကေ နှစ်သိန်းငါးသောင်း အကျိုးခံစားရရှိ

သတင်းဆောင်းပါး - ကျော်စိန်၊ ဓာတ်ပုံ - စိုက်ပျိုးရေး

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ နိုင်ငံ၏ပထဝီအနေအထားအရလည်းကောင်း၊ သွင်ပြင်လက္ခဏာများ အရလည်းကောင်း မြေနှင့်ရေ သယံဇာတကြွယ်ဝမှု၊ လုပ်အားအခြေခံ ကြွယ်ဝမှု၊ သဘာဝရာသီဥတု အခြေအနေပေးမှုတို့သည် ရေရှည်တွင် လယ်ယာကဏ္ဍကို အခြေခံသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများဖြစ်သည်။

လယ်ယာကုန်ထုတ်လုပ်ငန်းကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးရန် စိုက်ပျိုး ထုတ်လုပ်ရေးတွင် ရေရရှိရေးသည် အဓိကသော့ချက်တစ်ရပ်အဖြစ် ပါဝင် ပါသည်။ မြန်မာနိုင်ငံတွင် မြောက်မှတောင်သို့ စီးဆင်းသည့် အဓိက မြစ်ကြီးလေးသွယ်နှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများနှင့် ကုန်းတော်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နှစ်ပေါင်း ၁၂၀ကျော်အသက်ရှည်၍ မိုင်ပေါင်းထောင်ချီ ခရီးသွားနိုင်သော အဏ္ဏဝါမှ သက်ရှိရတနာများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် ဩဂုတ် ၁၁

နှစ်ပေါင်း ၁၂၀ ကျော် အသက်ရှည်၍ မိုင်ပေါင်းထောင်ချီ ခရီးသွားနိုင်သော သတ္တလောကသားများ ဤကမ္ဘာ၌ ရှိနေကြပါသည်။ ရှိနေကြပါသေးသည်ဟုလည်း ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့က ဆင်ခြင်တုံတရားမဲ့စွာ၊ အကြင်နာမေတ္တာကင်းမဲ့စွာဖြင့် ပြုမူကြသည်နှင့်အမျှ ၎င်းတို့မှာ မကြာမီ မျိုးသုဉ်းပျောက်ကွယ်တော့မည့် အလားအလာများ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

လိပ်သောင်ပေါ်တွင် တက်ရောက်ဥချပြီးနောက် ပင်လယ်ပြင်သို့ ပြန်လည်ဆင်းသက်လာသော လိပ်မကြီးကို တွေ့ရစဉ်။
(ဓာတ်ပုံ-ငါးလုပ်ငန်း)

သတင်းဆောင်းပါး - အောင်နိုင်ဦး၊ ရွှေတင်အုန်း
ဓာတ်ပုံမှတ်တမ်း - ဌေးအောင်(ကြေးမုံ)၊W.C.S

ပင်လယ်လိပ်များ တစ်နှစ်ပတ်လုံး တက်ရောက်ဥချသည့်နေရာဖြစ်သော ငပုတောမြို့နယ်မှ သမီးလှကျွန်းကို အဝေးမှတွေ့မြင်ရစဉ်။
ဓာတ်ပုံ - (WCS)